ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 22 February 2018 ၉၂၀၈

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဗိုနီ ဒီ ဆွန်ချိုင်းန်တို့ သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နီဒီ အယ်လ်မေးဒါးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဗိုနီ ဒီ ဆွန်ချိုင်းန်သည် ညနေ ၃ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာသစ်များကို ဦးစားပေးဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှာ အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားရန် လျာထား

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေး

ဆောင်းပါး စာမျက်နှာ - ၆

လားရှိုးမြို့တွင် ရိုးမဘဏ်နှင့် ရှေ့ဝတီဘဏ်အကြား ဗုံးပေါက်ကွဲမှုဖြစ်

မှုခင်း စာမျက်နှာ - ၁၂



ကြေးမုံ

# အလုပ်အကိုင်တိုးတက်၊ စီးပွားရေးဖွံ့ဖြိုး

မြန်မာနိုင်ငံတွင် အကြီးစားစီးပွားရေးလုပ်ငန်းများမှာ တစ်ရာခိုင်နှုန်းသာရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့ဖြစ်တည်လုပ်ကိုင်လျက်ရှိသည်။ ထိုသို့ အသေးစား၊ အလတ်စား ထုတ်ကုန်လုပ်ငန်းများ ဖြစ်တည်နေသော်လည်း နိုင်ငံအတွင်းရှိ ပြည်သူများ အများဆုံးအသုံးပြုနေသော ကုန်ပစ္စည်းများမှာ ပြည်ပသွင်းကုန် အသေးစား၊ အလတ်စား ကုန်ပစ္စည်းများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်ပသွင်းကုန်များကို အစဉ်အဆက်အသုံးပြုကြသည့် အကြောင်းရင်းမှာ တန်ဖိုးမြင့်ကုန်ချောကို နိုင်ငံတကာအဆင့်မီသည့် ဖန်တီးမှုနည်းပညာဖြင့် စျေးကွက်ဝင်အောင် ထုတ်လုပ်ထားသောကုန်ပစ္စည်းများကို သုံးစွဲသူများ နှစ်သက်သောကြောင့် ဖြစ်သည်။ တစ်နည်းဆိုလျှင် တန်ဖိုးနည်းကုန်ကြမ်းကို တန်ဖိုးမြင့်အဆင့်မီသည့် ကုန်ချောအဖြစ် စနစ်တကျထုတ်လုပ်ထားသော ပစ္စည်းများကိုသာ အသုံးပြုကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း၌ ပြည်ပကုန်ပစ္စည်း သုံးသူများပြားပြီး ပြည်တွင်းထုတ်လုပ်မှု ကျယ်ကျယ်ပြန့်ပြန့် မရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကုန်စျေးနှုန်းမြင့်မားခြင်းတို့နှင့် ကြုံတွေ့ကြရသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့် ကုန်ကြမ်းပစ္စည်းများပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ သစ်သီးဝလံစားသောက်ကုန်များ၊ စိုက်ပျိုးသီးနှံကုန်ကြမ်းများ၊ တွင်းထွက်ကုန်ကြမ်းများ၊ ရေထွက်ပစ္စည်းများ စသည်ဖြင့် ကုန်ကြမ်းပစ္စည်းများ အမြောက်အမြားထွက်ရှိသည်။ အဆိုပါကုန်ကြမ်းများကို ပြည်တွင်း၌သာမက ပြည်ပသို့ပါ အဆင့်မြင့်ပြုပြင်စီစဉ်နိုင်မှုမရှိဘဲ တင်ပို့ရောင်းချနေကြသည်။ ထို့ကြောင့် စျေးကွက်တန်ဖိုးနည်းပါးပြီး ထုတ်လုပ်မှုအဆင့်မမီသဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ စျေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ထွန်းဘဲ စီးပွားရေးအတက်နှေးနေသည်။

လူသုံးကုန်ပစ္စည်းများကို နှစ်ပေါင်းများစွာ အိမ်နီးချင်းနိုင်ငံများကို အားထားနေသရွေ့၊ ဝယ်ယူစားသုံးနေသရွေ့ ကုန်စျေးနှုန်းကျဆင်းမည်မဟုတ်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်မဟုတ်ချေ။ ထို့ကြောင့် ဒေသတွင်းမှ အလွယ်တကူရရှိနေသည့် ကုန်ကြမ်းပစ္စည်းများဖြင့် စားသုံးကုန်မှအစ လူသုံးကုန်ပစ္စည်းများကို ဖန်တီးထုတ်လုပ်နိုင်ရေးကို တွန်းအားပေးပြီး နိုင်ငံတကာစျေးကွက်ကို ယှဉ်ပြိုင်ထိုးဖောက်နိုင်သည့်အဆင့်အထိ ရောက်ရှိအောင် စီမံကိန်းချ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲများကို အလှည့်ကျကျင်းပပေးပြီး ဆုပေးပွဲများ ကျင်းပပေးမည်ဟု သိရှိရသည်။ ယခုလ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် ပထမအကြိမ် ကျင်းပမည်ဖြစ်၍ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ၏ ထုတ်ကုန်အရည်အသွေးများကို အကဲဖြတ်လေ့လာခြင်း၊ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှုများကို ပြည်တွင်းမှ လုပ်ငန်းရှင်များအားလုံး သိရှိစေခြင်း၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ဆန်းသစ်တီထွင်မှု စိတ်ကူးကောင်းများကို ဖော်ထုတ်လေ့လာနိုင်ခြင်း၊ အခြားဆက်စပ်ပတ်သက်သည့်လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်ပြီး နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် မူဝါဒများချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နည်းပညာလွှဲပြောင်းပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတကာအထိ ယှဉ်ပြိုင်ရပ်တည်နိုင်ရေးကိုပါ ကူညီအားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးအတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးကူညီမြှင့်တင်ပေးမှုနှင့်အတူ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲ၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ရာသီဥတုပြောင်းလဲမှုများကြောင့် ဆည်မြောင်းလုပ်ငန်းကဏ္ဍ အရေးကြီးလာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောဝန်ကြီးဌာနအောက်ရှိ The Japanese Institute of Irrigation and Drainage တို့ပူးပေါင်း၍ ဆည်မြောင်းဆိုင်ရာ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နိုင်ငံတကာ စာတမ်းဖတ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပရာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

၂၀၁၇ ခုနှစ် International Commission on Irrigation and Drainage အစည်းအဝေးကြီးမှ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ဆည်မြောင်းလုပ်ငန်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာသည်ကို သိရှိလေ့လာခဲ့ရကြောင်း၊ ဆည်မြောင်းလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းခြင်းသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် အထောက်အကူပြုရန် ဦးတည်ချက်သာမက ရေအရင်းအမြစ်များ ချွေတာသုံးစွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အထောက်အကူပြုသဖြင့် နိုင်ငံအသီးသီးတွင် ဦးစားပေးလုပ်ဆောင်လျက်ရှိနေကြောင်း၊ စာတမ်းဖတ်ပွဲများမှရရှိသော အတွေ့အကြုံနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် လိုအပ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပြောကြားသည်။



စာတမ်းဖတ်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ ချေးငွေအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ ဝဲကြီး၊ တောင်ညို၊ တောင်နဝင်း၊ မြောက်နဝင်း ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်းဆိုင်ရာစာတမ်းကို ပဲခူးတိုင်းဒေသကြီး ထိန်းသိမ်းရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဆွေက ဖတ်ကြားတင်ပြပြီး နိုင်ငံအသီးသီးမှ တက်ရောက်လာကြသော ပညာရှင်များက မိမိတို့နိုင်ငံအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည့် ဆည်မြောင်းဆိုင်ရာ အဆောက်အအုံများ၊ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နည်းစနစ်များ၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒေသဆိုင်ရာ အလေ့အထများနှင့် ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတကာမှ ဧည့်သည်တော်များအား လေ့လာရေးခရီးစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးဆည်၊ ငပြောင်ဆည်၊ ကျောက်ဆည်ခရိုင်ရှိ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ခြင်း စံပြစီမံကိန်းနှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်း စီမံကိန်းများသို့ သွားရောက်လေ့လာခဲ့ကြသည်။

စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်အထိ ကျင်းပခဲ့ကြကြောင်း သိရသည်။ **မင်းမြတ်ဦး(နေပြည်တော်)**

# လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ အခြေခံသင်တန်းဖွင့်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၁**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် စက်မှုလက်မှုသိပ္ပံနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်းပြီး လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးမှုနည်းပညာ အခြေခံသင်တန်း (၁/၂၀၁၈)ဖွင့်ပွဲကို ကျောက်ဆည်မြို့ စက်မှုလက်မှုသိပ္ပံနှင့် နည်းပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မျိုးသူက သင်တန်းတွင် သင်ကြားပေးလိုက်သော လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ အခြေခံပညာများကို အလေးထားကောင်းမွန်စွာ သင်ယူသွားကြစေလိုကြောင်း၊ သို့မှသာ အသက်မွေးဝမ်းကျောင်းပြုရာတွင် သက်သာစွာဖြင့် ဝင်ငွေပိုမိုရှာဖွေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။
အဆိုပါသင်တန်းသို့ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များရှိ လျှပ်စစ်မီးရရှိသော ကျေးလက်နေအမျိုးသား ၂၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



ထန်းတပင်မြို့နယ် နင်းကြမ်းကျေးရွာ အောင်မေတ္တာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီလ တတိယပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဝင်းက သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော ဆွေးနွေးကာ တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ **ဇာနည်မောင်**

# ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်(ရွှေစျေး) ၉၄၃၅၀၀ - ၉၄၃၅၀၀ မန္တလေး(ရွှေစျေး) ၉၄၃၅၀၀ - ၉၄၃၅၀၀

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၂၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၄၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၇၄၂/၇၄၅ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၅ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၇၁၅/၇၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၃၂၉.၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၂၀.၄၉၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၆၃၉.၇ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၂၃၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၉.၁၅ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၃.၆၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၄၂.၁၂၄ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၄၆.၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၃၉.၉၄ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၁၀၀၇.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသစ်ဖွင့်

**ဝက်လက် ဖေဖော်ဝါရီ ၂၁**

ဝက်လက်မြို့နယ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ခဲ့သော (၆၄ပေ×၄၈ပေ×၁၂ပေ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းကပ်လှူကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ရုံးအဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးစိုးလှိုင် (ပြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင် ပါမောက္ခဒေါက်တာမြသူထံ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင် ပါမောက္ခဒေါက်တာမြသူက နိုင်ငံတော်သမ္မတထံ ကြက်ခြေနီအထိမ်းအမှတ်လက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူ၊ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါက်တာအမယာမော်နိုင်၊ ဦးကင်ဘွိုင်း၊ ဦးခင်မောင်လှ၊ အချိန်ပိုင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးဝေဠုကျော်၊ ဦးပေါ်မြင့်ဦး၊ ဦးဂဲနက်စ်၊ ဦးမျိုးမင်းနောင်၊ ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**






## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအတွက် ကာလလတ်စီမံကိန်း အတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍအတွက် ကာလလတ်စီမံကိန်းအား အတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ ကမ္ဘာလုံးဆိုင်ရာအားဖြင့် အလျင်အမြန် တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ၌ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်စုချင်းနှင့် ရပ်ရွာလူ့အဖွဲ့အစည်းအား ထိခိုက်လွယ်မှုအခြေအနေများမှ အကာအကွယ်ပေးနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍသည် ပိုပြီးအရေးပါလာသည်ကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် သတ်မှတ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့တွင်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ပတ်သက်ပြီး လာမည့် ငါးနှစ်တာကာလအတွက် တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်ကို ကုန်ကျစရိတ်များပါ ခန့်မှန်းတွက်ချက်ပြီး ရေးဆွဲထားသည့် ကာလလတ်စီမံကိန်းကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား အတည်ပြုနိုင်ရေး ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့တင်ပြ၍ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အကြံပေးပုဂ္ဂိုလ် Mr. Michael Samson က လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၏ ကာလလတ်စီမံကိန်းနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍဆိုင်ရာ ကာလလတ်စီမံကိန်းတွင် ပါဝင်သင့်သည့်အချက်များနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စနစ်တည်ဆောက်ခြင်းကိစ္စရပ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဘေးဒုက္ခများအား လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဒီပလိုမာသင်တန်းအောင်လက်မှတ် အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းနှင့် ပထမအကြိမ် သွားကျန်းမာရေးသူနာပြု ဒီပလိုမာသင်တန်း အောင်လက်မှတ် အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈ ဦးတို့အား အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**ကျိုက်မရော ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာ ခြောက်ရွာဖြစ်သော ကျုံးဝမ်း၊ ကွမ်ငန်း၊ ကော့ဒွန်း၊ နိတုံ၊ ကော့ပလိုင်နှင့် သရက်ကုန်းကျေးရွာများသို့ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသည်။

အဆိုပါ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၊ ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသန်းဇော်ထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ကျေးရွာကော်မတီဝင်များတက်ရောက်ကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဦးစီးမှူးက သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌထံသို့ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။ **ကြေးမုံ**

# စက်သေနတ်များအဖြစ် အသွင်ပြောင်းနိုင်သော ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းပိတ်ပင်သည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နိုင်ငံအတွင်းတွင် ရိုးရိုးသေနတ်များကို အဆက်မပြတ် ပစ်ခတ်နိုင်သော စက်သေနတ်များအဖြစ် အသွင်ပြောင်းနိုင်သည့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန် ပိတ်ပင်သည့် အမိန့်ကြေညာချက်တစ်ရပ်ကို ယနေ့ လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ဖလော်ရီဒါပြည်နယ် တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော လူအများအပြား သေဆုံးခဲ့သည့် ကျောင်းတွင်းသေနတ်ပစ်ခတ်မှုကို ရည်ညွှန်းပြီး အထက်ပါအမိန့်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ယနေ့အိမ်ဖြူတော်၌ ကျင်းပခဲ့သည့် အစည်းအဝေးတွင် သမ္မတထရန့်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

'ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရမှာပါ။ ကျောင်းသားကျောင်းသူတွေရဲ့ လုံခြုံရေးဟာ ကျွန်တော်တို့ အစိုးရရဲ့ အဓိကဦးစားပေး လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်' ဟု သမ္မတထရန့်က အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် မကြာမီအချိန်တွင် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော စည်းမျဉ်းများကိုချမှတ်ရန် အဆုံးသတ်ရေးဆွဲလျက်ရှိကြောင်း သမ္မတထရန့်က ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# နေတိုးနှင့် ချက်စစ်ဘက်ထောက်လှမ်းရေးတို့ ပူးပေါင်း၍ အာကာသထောက်လှမ်းရေးဌာန တည်ထောင်မည်

**ပရာဟာ ဖေဖော်ဝါရီ ၂၁**
ချက်သမ္မတနိုင်ငံမှ စစ်ဘက်ထောက်လှမ်းရေးအဖွဲ့(ဗွီဇက်) နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တို့ ပူးပေါင်း၍ ယခုနှစ် ဇူလိုင်လအတွင်း အာကာသထောက်လှမ်းရေး ဌာနတစ်ခုကို ချက်သမ္မတနိုင်ငံတွင် တည်ထောင်မည်ဟု ဗွီဇက်၏ ပြောရေးဆိုခွင့်ရှိသူ အယ်ဇ်ဘီတာရီသိုဖိုဖာက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ဂြိုဟ်တုဓာတ်ပုံများနှင့် ကောင်းကင်မှရိုက်ယူသည့် ပုံရိပ်များကို အကဲဖြတ်လေ့လာသုံးသပ်သည့် လုပ်ငန်းမှာ ယင်းဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ ချက်စစ်ဘက်ထောက်လှမ်းရေးအဖွဲ့သည် ဂြိုဟ်တုပုံရိပ်များနှင့် ကောင်းကင်မှ ရိုက်ယူသည့် ပုံရိပ်များကို သရုပ်ခွဲလေ့လာသည့် အတွေ့အကြုံရှိခြင်းကြောင့် ယင်းဌာနသည် ချက်စစ်ဘက်ထောက်လှမ်းရေးအဖွဲ့ လက်အောက်တွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အာကာသ ထောက်လှမ်းရေးဌာနသည် စစ်ဘက်ဆိုင်ရာ ရည်မှန်းချက်များအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းတို့အတွက်လည်း အာကာသထောက်လှမ်းရေး သတင်းအချက်အလက်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်း အာကာသထောက်လှမ်းရေးဌာန ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် နေတိုးစစ်ဌာနချုပ်၊ ချက်တပ်မတော်နှင့် ချက်အာဏာပိုင်အဖွဲ့များက ပေါင်းစပ်ဖြည့်ဆည်းပေးမည်ဆို၏။

နိုင်ငံရပ်ခြားတွင် စစ်ရေးတာဝန်များထမ်းဆောင်မည့် နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့တာဝန်ထမ်းဆောင်မည့် နယ်မြေဒေသများသို့ မသွားရောက်မီ စစ်မြေပြင်အခြေအနေများကို ကြိုတင်သိရှိနိုင်ရေးအတွက် အာကာသထောက်လှမ်းရေး သတင်းအချက်များကို ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

နေတိုးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအား အထောက်အကူပေးနိုင်ရန် ယင်းအာကာသ ထောက်လှမ်းရေးဌာန၏ လုပ်ငန်းများကို ၂၀၁၉ ခုနှစ် နောက်ဆုံးထား၍ စတင်လုပ်ဆောင်နိုင်မည်ဟု ပြောခွင့်ရသူက ပြောကြားသည်။

**ဆင်ဟွာ**





# ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ကုလသမဂ္ဂက လက်ခံရန် သမ္မတ မာမွတ်အဘတ်စ် တိုက်တွန်း

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၁**
ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းက ပါလက်စတိုင်းနိုင်ငံတော်အား ကုလသမဂ္ဂ ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန်နှင့် ဂျေရုဆလင် အရှေ့ပိုင်းကို မြို့တော်အဖြစ် သတ်မှတ်၍ ၁၉၆၇ ခုနှစ် နယ်နိမိတ်သတ်မှတ်ချက်နှင့်အညီ ပါလက်စတိုင်းနိုင်ငံတော်အဖြစ် ထူထောင်ရေးကို အသိအမှတ်ပြုရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၁၉၉၃ ခုနှစ်တွင်လက်မှတ်ရေးထိုးခဲ့သည့် အော်စလိုသဘောတူညီချက်ကို အစ္စရေးနှင့် ပါလက်စတိုင်းတို့ လိုက်နာကြလျက် နယ်နိမိတ်သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဖြေရှင်းစေလိုကြောင်း ကုလသမဂ္ဂတွင် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည့် အစည်းအဝေးတွင် အဘတ်စ်က ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခြင်းကို အဘတ်စ်က ပြင်းထန်စွာ ရှုတ်ချလိုက်ပြီး ယင်းဆုံးဖြတ်ချက်သည် နိုင်ငံတကာအသိုင်းအဝိုင်းက လက်မခံနိုင်သော ဆုံးဖြတ်ချက်အမှားတစ်ခုဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာတွင် ပါလက်စတိုင်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ပါလက်စတိုင်းကို ကုလသမဂ္ဂ၏ တရားဝင်အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သော်လည်း လုံခြုံရေးကောင်စီက ခွင့်ပြုခြင်းမရှိခဲ့ပေ။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ပါလက်စတိုင်းကို ကုလသမဂ္ဂ၏ လေ့လာသူနိုင်ငံအဖြစ် သတ်မှတ်ပေးခဲ့သည်။

ကုလသမဂ္ဂ၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာ ဥပဒေတို့နှင့်အညီ ၂၀၁၈ ခုနှစ် နှစ်လယ်ကာလနောက်ဆုံးထား၍ နိုင်ငံတကာ ငြိမ်းချမ်းရေး ညီလာခံတစ်ရပ်ကိုကျင်းပပေးရန် မိမိတို့ တောင်းဆိုကြောင်း အဘတ်စ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသ အခြေအနေဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

ပါလက်စတိုင်းအား ကုလသမဂ္ဂ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြု လက်ခံရေးသည် နိုင်ငံတကာ ငြိမ်းချမ်းရေး ညီလာခံ၏ ရလဒ်ဖြစ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# ပိုးလမ်းမနှင့် ချိတ်ဆက်မည့် စကြံလမ်းသစ်အတွက် ယူကရိန်းနှင့်အီးယူ ရန်ပုံငွေထောက်ပံ့မည်

**ကီယက်ဗ် ဖေဖော်ဝါရီ ၂၁**
ပိုးလမ်းမနှင့် ချိတ်ဆက်မည့် သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်းသစ် တည်ဆောက်နိုင်ရေးအတွက် ယူကရိန်းနိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့က "Go highway"ဟု အမည်ပေးထားသော စီမံကိန်းအတွက် ရန်ပုံငွေ ပူးတွဲထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယူကရိန်း အခြေခံအဆောက်အအုံလုပ်ငန်းဝန်ကြီး ဗိုလိုဒီမီယာအိုမီလျန်းက ပြောကြားသည်။

ဘောလ်တစ်ပင်လယ်နှင့် ပင်လယ်နက်တို့ကို ချိတ်ဆက်မည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း စီမံကိန်းအတွက် ဥရောပသမဂ္ဂက တစ်စိတ်တစ်ဒေသ ငွေကြေးထည့်ဝင်ရန် အသင့်ရှိကြောင်း ဥရောပကော်မရှင်၏ ရွှေ့ပြောင်းနိုင်စွမ်းနှင့် သယ်ယူပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဟင်းရစ်ဟိုလိုလေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အိုမီလျန်းက သတင်းထောက်များအား ပြောကြားသည်။

ယူကရိန်းနိုင်ငံသည် လွန်ခဲ့သည့်နှစ်က နိုင်ငံတောင်ပိုင်းရှိ ပင်လယ်နက် ပင်လယ်ဆိပ်ကမ်းလေးခုနှင့် ပိုလန်နိုင်ငံမြောက်ပိုင်းရှိ ဘောလ်တစ်ပင်လယ် ဆိပ်ကမ်းနှစ်ခုတို့အား ချိတ်ဆက်နိုင်မည့် စီမံကိန်းတစ်ရပ်ကို စတင်ခဲ့သည်။

**ဆင်ဟွာ**

# စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာ လယ်ယာလုပ်ငန်းများလုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာသစ်များကို ဦးစားပေးဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ



ဒုတိယဝန်ကြီး
ဦးလှကျော်



ပြည်မဲဆန္ဒနယ်မှ
ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၏ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် သောက်သုံးရေရရှိရေးဆိုင်ရာ မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ **စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာ လယ်ယာလုပ်ငန်းများလုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိစက်မှုလယ်ယာဦးစီးဌာနတွင် စက်အင်အား စုစုပေါင်း ထွန်စက်ကြီး ၂၈၂၀၊ ရိတ်သိမ်းခြွေလှေ့စက် ၈၁၁ စီးနှင့် ကောက်စိုက်စက် ၁၇၀ ရှိပါကြောင်း၊ ယင်းစက်များကို အသုံးပြု၍ စက်မောင်းဝန်ထမ်းအင်အား ၂၁၃၇ ဦးဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများ အခက်အခဲဖြစ်ပေါ်နေသည့် မြေယာပြုပြင်မှုလုပ်ငန်းနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ထွန်စက်ကြီး ၈၆၆၇ စီး၊ လက်တွန်းထွန်စက် ၁၂၃၇၇၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၉၆၅၃ စီး၊ ရိတ်စက် ၃၆၂၈၁ စီး၊ ခြွေလှေ့စက် ၅၈၇၀ ထပ်မံလိုအပ်မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်အားလုံးကို နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပေးရန်မှာ ကုန်ကျစရိတ်များစွာ လိုအပ်မည်ဖြစ်သည့်အပြင် စက်မောင်းဝန်ထမ်းများကိုလည်း အမြောက်အမြား ခန့်ထားရမည်ဖြစ်ပါကြောင်း။

အဆိုပါအနေအထားကို ကျော်လွှားနိုင်ရန်နှင့် တောင်သူများ လိုအပ်သည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဒေသအလိုက် လွယ်ကူစွာ ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များနှင့် တောင်သူလယ်သမားများကို ချိတ်ဆက်ပေးကာ တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုသာ ကနဦးပေးသွင်းစေ၍ ကျန်ငွေများကို သုံးနှစ်အတွင်း ခုနစ်ရစ် အရစ်ကျပေးသွင်းစေခြင်းဖြင့် စက်များသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ တိုးချဲ့ဝယ်ယူဖြည့်ဆည်းသည့်နည်းတူ တောင်သူလယ်သမားများအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော စက်မှုလယ်ယာ နည်းပညာသစ်များအား လက်တွေ့သရုပ်ပြ အသိပညာပေးဖြန့်ဖြူးပေးနိုင်မည့် ခေတ်မီလယ်ယာသုံး စက်ကိရိယာသစ်များကိုလည်း ဦးစားပေးဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **ကလေးမြို့နယ် ရာဇဂြိုဟ် ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏အရှိန်ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံ၏ ရေဆင်းဧရိယာဖြစ်သော ချင်းပြည်နယ်တောင်ပေါ်ဒေသများတွင် တစ်ပတ်အတွင်း မိုးရေချိန်လက်မ ၃၀ ခန့် ရွာသွန်းခဲ့ပါကြောင်း၊ ထိုသို့ အချိန်တိုအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ရေလှောင်တမံအထက်ပိုင်း ရေဆင်းဧရိယာများတွင် တောင်ပြိုခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပြီး နေရဥ္စရာချောင်းနှင့် ၎င်း၏ လက်တက်ချောင်းငယ်များတွင် ရေစီးနှင့်အတူ သစ်လုံးများ၊ သဲနုန်းများ ပမာဏများပြားစွာ ပါဝင်စီးမျောလာခဲ့ပြီး ရာဇဂြိုဟ်ရေလှောင်တမံအတွင်းသို့ ဝင်ရောက်ခဲ့ပါကြောင်း၊ အချို့မှာ ရေပိုလွှဲပေါ်မှ ရေကျော်စီးဆင်းမှုနှင့်အတူ စီးထွက်ပါရှိသွားသော်လည်း တမံရေပြည့်မှတ်၏ အောက်ဘက်တွင် သဲနုန်းများ ထုထည်ပမာဏများပြားစွာ တင်ကျန်ရစ်ကာ အနည်ထိုင်မှုဖြစ်ပေါ်ခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း မြေပြိုမှုများဖြစ်ပွားချိန်တွင် သဘာဝချောင်းအား မြေစာပုံများပိတ်ဆို့သည့်အတွက် တောင်ပေါ်ရေကန်(မြေပြိုကန်)များ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းတွင် နေရဥ္စရာချောင်းဖျားရှိ ဟန်ကင်ရွာအနီးရှိ တောင်ပေါ်ရေကန်(မြေပြိုကန်)မှာ ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရာ သဲနုန်းများ ထပ်မံစီးဝင်ခဲ့ပါကြောင်း။

တမံအတွင်းသို့ သဲနုန်းများနှင့်သစ်လုံးများ ထပ်မံဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် တမံ၏အထက်ဘက် ၃ ဒသမ ၅ မိုင်ခန့်အကွာတွင် နုန်းဖမ်းဆည်တစ်ခုကို လည်းကောင်း၊ ၁ ဒသမ ၅ မိုင်ခန့်အကွာတွင် သစ်လုံးကာတန်း (Log Boom)တစ်ခုကိုလည်းကောင်း တည်ဆောက်၍ ကာကွယ်ပေးထားပါကြောင်း၊ သဲနုန်းများနှင့် သစ်လုံးများကို တူးဖော်ဖယ်ရှား ရှင်းလင်းခဲ့ပါကြောင်း၊ ရေဝင်လမ်းပွင့်ပြီးနောက် ရေအားလျှပ်စစ်စက်ရုံ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးမြို့မှ ရာဇဂြိုဟ်တမံသို့ 66 KV Single Circuit Transmission Line တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ 66 KV ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက 11 KV ဓာတ်အားလိုင်းကို ဆက်သွယ်တန်းပြီး ဆည်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်မီးပေးဝေနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စိစစ်ပြီးဆည်ရေသောက်ဧရိယာများအတိုင်း စိုက်ပျိုးရေအပြည့်အဝပေးဝေပြီး စိုက်ပျိုးသွားနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့ အပါအဝင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ နှင့် ပုဒ်မ ၉၈ တို့အရ ပြည်ထောင်စုမှ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့ကို ရုပ်သိမ်းပြီး ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)အဖြစ်လည်းကောင်း၊ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအားရုပ်သိမ်းပြီး ငါးမွေးမြူရေးဆိုင်ရာ ဥပဒေ(မူကြမ်း)အဖြစ်လည်းကောင်း အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၇ သို့ ☆**

# ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှာ အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားရန် လျာထား



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးရှန်အောရ်



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ရှမ်းပြည်နယ် မဲနယ်
အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်၏ **၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည်မှာ သုံးနှစ်ခွဲကျော် ကြာလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေနှင့်ပတ်သက်၍ လူမျိုးအလိုက်၊ လူမျိုးစုအလိုက် ရလဒ်ထုတ်ပြန်ခြင်းမရှိသေးသဖြင့် မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် ၁၉၇၃ ခုနှစ်က ကောက်ယူမှတ်တမ်းတင်ထားရှိခဲ့သည့် လူမျိုး ၁၃၅ မျိုးစာရင်းကို အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများအရ လူမျိုးအမည်ဖြည့်သွင်းသည့်နေရာတွင် ဖြေဆိုသူ၏ ပြောကြားချက်အတိုင်းသာ ကောက်ယူခဲ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမကောက်ယူမီနှင့် ကောက်ယူပြီး ကာလများတွင် လူမျိုးအမည်၊ ဖွဲ့စည်းမှု၊ လူမျိုးအုပ်စုများနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများ၏ မေးမြန်းချက်၊ တင်ပြချက်များကို လက်ခံရရှိခဲ့ပါကြောင်း၊ ဥပမာအနေဖြင့် လူမျိုးမေးခွန်းများမှာ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော လူမျိုးစာရင်းတွင်ပါဝင်ခြင်း ရှိ၊ မရှိ စိစစ်ပြန်ကြားရန်၊ လူမျိုးစုတစ်မျိုးစီ ဟုတ်၊ မဟုတ် ပြန်စိစစ်ရန် မေးမြန်းချက်၊ သီးခြားမျိုးနွယ်စုတစ်စုဖြစ်ပြီး မျိုးနွယ်စုကြီးတွင် မပါဝင်ကြောင်း တင်ပြချက်၊ လူမျိုးစု၏ အမည်မှန်၊ လူမျိုးတို့၏ ကိုယ်ပိုင်အမည်ကို မူရင်းအတိုင်း မှန်ကန်စွာ ရေးသားပြောဆို သုံးနှုန်းနိုင်ရေးအတွက် တရားဝင်အသိအမှတ်ပြုချက် ထုတ်ပြန်ရန် တင်ပြချက်၊ လူမျိုးစုတစ်စုမှ အခြားလူမျိုးစုတစ်စုသို့ ပြောင်းရွှေ့ပေးရန် တင်ပြချက်၊ ဥပမာ၊ ကချင်လူမျိုးစုတွင် လူမျိုး ၁၂ မျိုးအစား ခြောက်မျိုးသာရှိကြောင်း တင်ပြချက်၊ ကရင်လူမျိုးစုတွင် လူမျိုး ၁၁ မျိုးအစား ခုနစ်မျိုးသာ ရှိကြောင်း တင်ပြချက်နှင့် ချင်းလူမျိုးစုတွင် ၅၃ မျိုးမရှိကြောင်း တင်ပြချက်တို့ကို လက်ခံရရှိခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှာ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသားဖြစ်ခြင်းမဖြစ်ခြင်း စသည့်ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အငြင်းပွားဖွယ်ရာများရှိသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားရန် လျာထားပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များကို သတ်မှတ်ပြီးမှသာလျှင် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်မည့်နေ့ရက်ကို လောလောဆယ် ဖြေကြားရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ငွေများကို ပြန်လည်စိစစ်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ၂၀၁၂ ခုနှစ် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၈ တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊ သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက တလုံးတခဲတည်း ချီးမြှင့်ငွေသတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားမှုအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှစ၍ အုပ်ချုပ်ရေးမှူးများ၏ လစဉ်စရိတ်ချီးမြှင့်ထောက်ပံ့ငွေကျပ် ၇၀၀၀၀ နှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အသုံးစရိတ် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငွေစာရင်းမှ လစဉ် ခွင့်ပြုချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ရုံးအသုံးစရိတ်တွင် စက်ဆီ၊ ဓာတ်ဆီ၊ ချောဆီအပြင် သယ်ယူပို့ဆောင်ခ အပါအဝင် အသုံးစရိတ်များ သုံးစွဲခွင့်ကိုလည်း ခေါင်းစဉ်အရ ခွင့်ပြုထားရှိကြောင်း။

မြန်မာနိုင်ငံတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆၉၀၆ အုပ်စုရှိပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့် အငယ်တန်းစာရေးများ ခန့်အပ်မှုအနေဖြင့် **စာမျက်နှာ ၇ သို့ ✪**

# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေး

ခင်မောင်ဝင်း(လမ်းမတော်)

စကားခြောက်ခွန်း လူ၌ ထွန်းလည်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည် ဟူသော မြတ်ဗုဒ္ဓ၏ အဆိုအမိန့်ရှိပါသည်။ မှန်ကန်၍ အကျိုးစီးပွားနှင့် စပ်ယှဉ်သော သူတစ်ပါးတို့ မနှစ်သက်သော စကားတစ်ခွန်း၊ မှန်လည်းမှန်၍ အကျိုးစီးပွားနှင့်လည်း စပ်ယှဉ်သော သူတစ်ပါးတို့ နှစ်သက်သော စကားတစ်ခွန်းကိုသာ ပြောရမည်ဟု ဆိုပါသည်။ ယခုတင်ပြရာတွင် အထက်ပါ မိန့်မှာချက်နှင့်အညီသာလျှင် တင်ပြသွားရန် ဆန္ဒရှိပါသည်။

အမှန်တော့ တရားစီရင်ရေးဆိုသည်မှာ နက်နဲသိမ်မွေ့သည့်ကိစ္စ ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးဆိုသည်ကား ဆိုဖွယ်မရှိပါ။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် လွှတ်တော်များ၏ (၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တရားဥပဒေစိုးမိုးရေးကို အင်မတန်မှ အလေးထားကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်ရေး၊ ခိုင်မာအင်အားရှိရေးဆိုတာ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအပေါ်မှာ အင်မတန်မှ မူတည်ပါတယ်"၊ "တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဆိုတာဟာ တရားဥပဒေစိုးမိုးရေးရှိမှ ရေရှည်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်" ဆိုတာကို ထပ်လောင်းသတိပေးခဲ့ပြီး ဖြစ်ပါသည်။ "တရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေဟာ ရဲဘော်ရဲဘက်များသဖွယ် ပန်းတိုင်ဖြစ်တဲ့ နိုင်ငံအကျိုးအတွက် ညှိနှိုင်းလုပ်ဆောင်သွားဖို့ အင်မတန်အရေးကြီးပါတယ်" လို့ အခမ်းအနားတက်ရောက်ကြသော လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဝန်ကြီးများရှေ့မှာ သတိပေးမှာကြားခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကိစ္စကို ယခုမှ မဟုတ်ပါ။ ယခင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နာယက ဦးရွှေမန်းကလည်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်း တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုတရားလွှတ်တော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနတို့လည်း ပါဝင်ကြသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီများလည်း ပါကြသည်။ အဖွဲ့စစချင်းကတော့ မဏ္ဍိုင်သုံးရပ်စလုံးက ကိုယ်စားလှယ်များပါဝင်သည့်အပြင် ဥရောပကော်မရှင်နှင့် နိုင်ငံခြား အလှူရှင်နိုင်ငံတွေက ကိုယ်စားလှယ်များလည်း ပါဝင်ဖွဲ့စည်းခဲ့ကြသည်။ ဘတ်ဂျက်ကိုတော့ သံရုံးတွေက လှူဒါန်းခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်း စုစုစည်းစည်းလုပ်ငန်းတွေ အကောင်အထည်ဖော်ခဲ့ရာမှာ အစိုးရအဖွဲ့နှင့် တရားလွှတ်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ကို အကြောင်းပြုပြီး လာရောက်ကြခြင်းမရှိခဲ့ကြသည်ကို ဝမ်းနည်းစွာတွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ၎င်းအဖွဲ့က လုပ်ငန်းတွေကို ကောင်းစွာ ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ရန်ကုန်၊ မန္တလေး၊ လားရှိုးနဲ့ တောင်ကြီးတို့တွင် တရားဥပဒေစိုးမိုးရေးစင်တာများ ဖွင့်လှစ်နိုင်ပြီး တရားဥပဒေဆိုင်ရာ လုပ်ငန်းများနှင့် မြေယာဥပဒေကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆွေးနွေးခဲ့သည်။ ဥပဒေအထောက်အကူပြုလုပ်ငန်းများကိုလည်း ရှေ့ပြေးလုပ်ငန်းများ (Pilot Project) ကို တွင်ကျယ်စွာလုပ်နိုင်ခဲ့သည်။ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့သော ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အခြားနိုင်ငံများက ဝန်ကြီးများ၊ ဥပဒေပညာရှင်များ၊ လွှတ်တော်အမတ်များကို ဖိတ်ကြားနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများကို အလုပ်ရုံဆွေးနွေးပွဲများလုပ်၍ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ပြည်သူ့ရဲတပ်ဖွဲ့အတွေ့အကြုံများကို ရှင်းလင်းပေးခဲ့သည်။ အဖွဲ့၏ဥက္ကဋ္ဌမှာ ယခင်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ၊ ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်သည်။ အလှူရှင်နိုင်ငံများမှာ ဥရောပသမဂ္ဂ (EU)၊ ဒိန်းမတ်သံရုံး၊ ဆွီဒင်နိုင်ငံသံရုံး၊ ဂျပန်သံရုံး၊ ဖင်လန်နိုင်ငံသံရုံး စသည့်နိုင်ငံများနှင့် JICA, DFID, USAID တို့ ပါဝင်ခဲ့ကြသည်။

အစကောင်းတော့ အနှောင်းသေချာသည်မှာ မှန်ပေသည်။ အထက်ပါလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာတွင် ပြည်ပအဖွဲ့အစည်းများကို အစဉ်တစိုက် အားကိုးနေရန်မှာ သဘာဝကျသည် မဆိုသာပါ။ ထို့ကြောင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းတာဝန် ၁၁ ရပ်ကို ဖော်ပြပေးပြီး ယခင်ဆောင်ရွက်ခဲ့သည့် အထက်ဖော်ပြပါလုပ်ငန်းများကို နိုင်ငံတော်က ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် ရှိပြီးသား အရှိန်အဟုန်ကို တိုးမြှင့်ပေးခဲ့သည်မှာ ပြည်သူတို့အတွက် အားရစရာပင်ဖြစ်သည်။ ယခုအခါ အရင်ကလိုမဟုတ်တော့ဘဲ ပွင့်လင်းစွာပင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ ရဲချုပ်နှင့် ဥပဒေပါမောက္ခများ၊ ရှေ့နေများဖြင့် ဖွဲ့စည်းထားသဖြင့် တောင့်တင်းခိုင်မာသော အဖွဲ့အစည်းအဖြစ် ရပ်တည်နေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ၁၄ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းများလည်း ဆောင်ရွက်နေကြရာ ယခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပဉ္စမအကြိမ် အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းလာစေရန် တရားမျှတရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကွန်ဖရင့်(National Conference on Justice Sector Coordination to Strengthening Rule of Law) ကိုလည်း လာမည့် မတ်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် ပြုလုပ်တော့မည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ဇန်နဝါရီ ၃၀ ရက်နေ့က အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတဆီသို့ (Towards Improving Justice For All) တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထုတ်ပြန်ခဲ့သည်။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ ရပ်ပါဝင်သည်။ တိုးတက်သော ပြောင်းလဲမှုများပင်ဖြစ်သည်။ ၂၀၁၇ ခုနှစ်ကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၇ ခုနှစ် တတိယနှစ်လုပ်ငန်းအစီအစဉ်ကိုရေးဆွဲ၍ တာဝန်ရှိသူများနှင့် မီဒီယာများကို ချပြရှင်းလင်းခဲ့သေးသည်။

သို့ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးနယ်ပယ်တွင် အဂတိတရားများ လျော့နည်းခြင်းမရှိသေးသည်မှာ အမှန်ဖြစ်သည်။ အချို့သော မြို့နယ်နှင့် ခရိုင်ရုံးများတွင် ရဲတပ်ဖွဲ့ဝင်များအပါ တာဝန်ရှိသူများသည် အမှုပေါ်လိုက်၍ လာဘ်ငွေတောင်းယူနေသည်ကို ကြားသိနေဆဲ ဖြစ်သည်။ အဆင့်ဆင့်တွင် "ပုဒ်မလေး၊ ပေးမှလုပ်" ပေးရင်ပေးသလို အဖြေထွက်သည်ကို ပြည်သူများ မြင်တွေ့နေရဆဲဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအထိ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှမှာ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်ခဲ့သည်မှာ ငြင်းဖွယ်မရှိပါ။ အမျိုးသားစာရိတ္တဗလ ပြိုကျပျက်စီးနေသည်ကို ပြန်လည်တည်ဆောက် ပြုပြင်ရန်မှာ အထူးအရေးကြီးလိုအပ်နေသည်။ ယေဘုယျအားဖြင့် ပြန်လည်ပြုပြင်ရန် နှစ် ၅၀ ကြာတတ်သည်ဟု လေ့လာမှတ်သားရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ၁၅ နှစ်အတွင်း အောင်မြင်နိုင်ကြောင်း စင်ကာပူဝန်ကြီးချုပ် မစ္စတာလီကွမ်ယုက ပြောဖူးသည်။ နိုင်ငံရေးသုခမိန် လီကွမ်ယုက ထိုသို့ပြုပြင်တည်ဆောက်ရန်မှာ ထူးချွန်ထက်မြက်သော ပညာတတ်များ၊ ခေတ်မီသော နည်းပညာအပြောင်းအလဲများ၊ နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှုများ ပေါင်းစပ်ပေးလျှင် ရနိုင်သည်ဟု ဆိုပါသည်။

ယခုအခါ လူတိုင်းပြောဆိုနေသည်မှာ နိုင်ငံသားတွေ Mindset ပြောင်းဖို့လိုပြီဆိုသည်မှာ အမှန်ဖြစ်ပါသည်။ Mindset ဆိုတာ "စိတ်နေသဘောထား" ဟု ဆိုရမည်။ Mindset ဆိုသည်မှာ ယဉ်ကျေးမှုကဲ့သို့ ပြောင်းလဲနေသည်။ စိတ်နေသဘောထား (Mindset)နှင့် ယဉ်ကျေးမှု (Culture) နှစ်ခုစလုံးသည် မျိုးရိုးဗီဇ (DNA) မဟုတ်ပါ။ ပတ်ဝန်းကျင်နှင့် ဆက်စပ်သော အခြေအနေအပေါ်တွင် ပြောင်းလဲနေသည်။ ယင်းအခြေအနေကို အမြော်အမြင်ရှိသော ခေါင်းဆောင်တွေက ပြောင်းလဲပစ်နိုင်သည်။ အဂတိလိုက်စားသော စိတ်ဓာတ်နှင့် ယဉ်ကျေးမှုကို သန္နိဋ္ဌာန်ခိုင်မာတဲ့ ဦးဆောင်မှု၊ စွမ်းရည်ရှိသော စီမံခန့်ခွဲမှုနှင့် လူမှုစည်းကမ်းထိန်းသိမ်းရေးတို့နှင့် ပြင်ဆင်နိုင်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များက ပြောကြသည်။

တရားသူကြီးများနှင့် ရှေ့နေများသည် ဂုဏ်သရေရှိ လူတန်းစားတွင် ပါဝင်ခဲ့သည်။ ရပ်ရွာမျက်နှာဖုံး၊ မြို့မျက်နှာဖုံးများ ဖြစ်ခဲ့ကြသည်။ ရပ်ရေးရွာရေးတွင် မှန်မှန်ကန်ကန်စီရင်သဖြင့် လူကြည်ညို၊ နတ်ကြည်ညိုသူများ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ဘယ်လဲလို့ မေးရမလို ဖြစ်နေသည်။ ဂုဏ်ဆိုသည်မှာ ပိုက်ဆံရှိမှ အာဏာရှိမှဆိုသည့်အယူအဆမှာ လွဲမှားနေသည်။ ရိုးဖြောင့်ခြင်း၊ မျှတခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့မှာ အမြဲတမ်းမှန်ကန်သည့် ဂုဏ်ဒြပ်များဖြစ်ပါသည်။

ပြီးခဲ့သော ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မဏ္ဍိုင်ကြီး သုံးရပ်အနက် တရားစီရင်ရေးမဏ္ဍိုင်မှာ ယိမ်းယိုင်နေသဖြင့် ပြန်လည်တည့်မတ်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တွန်းအားပေးရေးအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးက ထောက်ခံဆွေးနွေးခဲ့ပါသည်။ ၎င်းအဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက မှတ်တမ်းတင်ရန်သာ တင်ပြခဲ့သော်လည်း လွှတ်တော်က အတည်ပြုခဲ့သည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကြားတွင် ပွတ်တိုက်မှုရှိခဲ့သော်လည်း နောက်ပိုင်းတွင် တရားလွှတ်တော်ချုပ်က နားလည်လက်ခံပြီး နှစ်ဖက်ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပအဖွဲ့အစည်းများဖြစ်သော ဗြိတိသျှကောင်စီ၏ My Justic အဖွဲ့က မြန်မာနိုင်ငံသားများအတွက် တရားမျှတမှု လက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်ရန် စီမံချက်ကို ရေးဆွဲပြီး မြို့နယ်များစွာကို လေ့လာခဲ့ပြီးဖြစ်သည်။ တွေ့ရှိသည့် သုတေသနစာတမ်း အချောသပ်ထွက်ရှိနေပြီး မကြာမီ ပြည်သူ့အကြားတွင် ချပြ၍ ပညာပေးရန် စီစဉ်လျက်ရှိသည်။ အလားတူပင် (United Nations Development Programme - UNDP ) ကလည်း မြန်မာပြည်ရှိ တရားမျှတရေးအပေါ် အကဲဖြတ်မှုကို ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်မြို့အချို့နေရာများတွင် ပြုလုပ်ခဲ့သည်။ တွေ့ရှိမှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က တာဝန်ရှိသူများနှင့် မီဒီယာများကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်း မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေး ကျင့်ဝတ်ကိုလည်းကောင်း၊ တရားရုံးသတင်းမီဒီယာလက်စွဲကိုလည်းကောင်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာခြင်းတို့ကို ပြုလုပ်ခဲ့ရာ တရားစီရင်ရေးအတွက် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုများ ဖြစ်ပေါ်နေသည်။

အနာဂတ်တွင် ငွေများ၍ တရားနိုင်ဆိုသော အစဉ်အလာ Mindset ယဉ်ကျေးမှုများကို ပြောင်းလဲရပါတော့မည်။ ရာဇဝတ်ဘေး ပြေးမလွတ် ဆိုသည်ကို ပြန်လည်တည်ဆောက်ရမည်။ မြန်မာစကားပုံ အခုရှုပ်မှ နောင်ရှင်းဆိုသည်မှာ လူသိများပါသည်။ ယခုတော့ ယခင် ရှုပ်တာတွေ ယခုရှင်းနေရသည်မှာ ကိုယ်တွေ့ဖြစ်နေပြီး အဂတိတရားဆိုသည်မှာ ယိုသူမရှက် မြင်သူရှက်ပင် ဖြစ်သည်။ အမှားအမှန် ခွဲခြားသိနိုင်စွမ်းရှိပါလျက် အဂတိကြောင့် ဘက်လိုက်ခြင်းမှာ ပစ္စုပ္ပန်တွင်လည်း မကောင်း၊ သံသရာလည်း မကောင်း ဖြစ်ချေတော့မည်။ မတရားရှာဖွေသူများသည် သူတို့ကိုယ်တိုင် ယခုဘဝတွင် ပြည့်ဝအောင် စားသုံးရန် မသေချာသော်လည်း သံသရာတွင် ယင်းအဂတိအကျိုးဆက်ကို ကိုယ်တိုင်ပင်ခံရမည်မှာ မလွဲဧကန်သာဖြစ်သည်။

ယခုအခါ ပြည်တွင်းရော ပြည်ပပါ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကို ဝိုင်းဝန်း ဖော်ဆောင်နေကြပြီးဖြစ်ရာ ယခုအခင်းအကျင်းတွင် တာဝန်ရှိသူများသည် ပြည်သူများနှင့်အတူ တရားမျှတမှု အမှန်ကို ရှာဖွေရန်သာဖြစ်သည်။ ယင်းသည်ပင် ပြောင်းလဲခြင်းဖြစ်သည်။ သို့မှသာ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးတို့သည် ကောင်းသောလားရာ၊ ပြည်သူတို့လိုလားသော ပန်းတိုင်သို့ ရောက်မည်သာဖြစ်ပါတော့သည်။ ။

**အနာဂတ်တွင် ငွေများ၍ တရားနိုင်ဆိုသော အစဉ်အလာ Mindset ယဉ်ကျေးမှုများကို ပြောင်းလဲရပါတော့မည်။ ရာဇဝတ်ဘေး ပြေးမလွတ် ဆိုသည်ကို ပြန်လည် တည်ဆောက်ရမည်။ မြန်မာစကားပုံ အခုရှုပ်မှ နောင်ရှင်း ဆိုသည်မှာ လူသိများပါသည်။ ယခုတော့ ယခင် ရှုပ်တာတွေ ယခု ရှင်းနေရသည်မှာ ကိုယ်တွေ့ဖြစ်နေပြီး အဂတိတရားဆိုသည်မှာ ယိုသူမရှက် မြင်သူရှက်ပင် ဖြစ်သည်။ အမှားအမှန် ခွဲခြားသိနိုင်စွမ်းရှိပါလျက် အဂတိကြောင့် ဘက်လိုက်ခြင်းမှာ ပစ္စုပ္ပန်တွင်လည်း မကောင်း၊ သံသရာလည်း မကောင်း ဖြစ်ချေတော့မည်။ မတရားရှာဖွေသူများသည် သူတို့ကိုယ်တိုင် ယခုဘဝတွင် ပြည့်ဝအောင် စားသုံးရန် မသေချာသော်လည်း သံသရာတွင် ယင်းအဂတိအကျိုးဆက်ကို ကိုယ်တိုင်ပင်ခံရမည်မှာ မလွဲဧကန်သာဖြစ်. . .**



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**❒ သတ္တမအကြိမ်မှ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဆွေးနွေးတော်မူကြပြီး ဝိနစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေအစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်-မိခင် ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ အမှတ် (၁၈/ခ) မြစပယ်လမ်း ပါရမီ ရန်ကုန်မြို့နေ သမီးဒေါ်ပြုံးကလည်းကောင်း၊ နေ့ဆွမ်း အလှူရှင်အဖြစ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (သဒ္ဓမ္မဇောတိကဓဇ)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက တေဝိသတိမ(၂၃)ကြိမ်မြောက်အဖြစ်လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# စာအောင်သံဃာတော်၊ သီလရှင်များအား ဂုဏ်ပြုလှူဒါန်းဆက်ကပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့နှင့် ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ တို့၏ ဩဝါဒခံယူကာ ဗဟန်းမြို့နယ် ချမ်းမြေ့ရွှေပြည် ပရိယတ္တိသာသနာ့ နုဂ္ဂဟအသင်းသည် ကြီးငါးကြီး ဆုတောင်းပြည့်ဘုရားငါးဆူ ဘက်စုံပြုပြင်ခြင်း အောင်ပွဲရေစက်ချအလှူတော်မင်္ဂလာနှင့် နိုင်ငံတော်အစိုးရ၏ ၁၃၇၈ ခုနှစ် (၂၀၁၇)ခုနှစ်တွင် ကျင်းပခဲ့သည့် ပါဠိပထမပြန်စာမေးပွဲ၌ ဗဟန်းမြို့နယ်အတွင်း ဓမ္မာစရိယနှင့် ငယ်၊ လတ်၊ ကြီး၊ စာအောင်သံဃာနှင့် သီလရှင်များအား ဒုတိယအကြိမ်မြောက် ထပ်ဆင့်ချီးကျူးဂုဏ်ပြုလှူဒါန်း ဆက်ကပ်ပူဇော်ပွဲကို မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး သူရဲကောင်းစစ်သည် ဗိမာန်ဘေး ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။

ချီးကျူးဂုဏ်ပြုပွဲတွင် ဓမ္မာစရိယကျမ်းကြီး ၆၉ ပါး၊ ပထမကြီးတန်းအောင် ၉၇ ပါး၊ ပထမလတ်တန်းအောင် ၁၀၁ ပါးနှင့် ပထမငယ်တန်းအောင် ၈၂ ပါး၊ စာအောင်သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၄၉ ပါးတို့အား လှူဒါန်းငွေနှင့် ဂုဏ်ပြုလွှာများ ဆက်ကပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဦးကြူ(ဗဟန်း)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပေါင်းတည် ဖေဖော်ဝါရီ ၂၁**

ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘုရားငါးဆူအုပ်စု ကြွယ်လုလင်လေးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်းကျေးရွာသည် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာသူ ကျေးရွာသားတို့က လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ဘီးနင်းလမ်းခင်းခြင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

**ကြေးမုံ**

**☆ စာမျက်နှာ ၅ မှ**

ပြောင်းလဲလာသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေပြီး လက်တွေ့ကျကျ လိုက်နာဆောင်ရွက်နိုင်မည့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများဖြစ်စေရေးအတွက် တည်ဆဲငါးလုပ်ငန်း ဥပဒေများ(သို့မဟုတ်)ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲထားသော ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်လျောညီထွေရှိစေရန် ငါးကဏ္ဍ၏ လုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲထားရှိသည့်အပြင် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေအသစ်များ ပြန်လည်ရေးဆွဲကာ အဆင့်ဆင့်စိစစ် အကြံပြုချက်များ ဆွေးနွေးရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ကတည်းက ငါးကန်၊ ပုစွန်ကန်များ တူးဖော်ထားခဲ့ပြီး လယ်ယာမြေအခြားနည်းသုံးစွဲခွင့်အတွက် ခွင့်ပြုမိန့်မရှိသေးသည့် ငါး၊ ပုစွန်ကန်များနှင့် ပတ်သက်၍လည်း စဉ်းစားဆောင်ရွက်ပေးခြင်းများရှိပါကြောင်း၊ ယင်းကိစ္စကို ဥပဒေနှင့်အညီဖြစ်စေရန်အတွက် ဒဏ်ကြေးပေးသွင်းစေပြီး ခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **တောင်သူဦးကြီးများ စပါး၊ ပဲမျိုးစုံနှင့် နှမ်း စသည့် သီးနှံများကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူ စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိ** မေးခွန်း၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်ရှိ မိုဝိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့် ရန်နွေးကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးရန်နှင့် မွေးမြူထားသော ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာကုသပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"** လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

**✪ စာမျက်နှာ ၅ မှ**

ဖွဲ့စည်းပုံအရ ၁၆၉၀၆ အနက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထိ ၁၅၈၁၄ ဦးကိုလည်း ခန့်အပ်တာဝန်ပေးထားပါကြောင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၏ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါကြောင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လက်ရှိ လစဉ်ချီးမြှင့်ထောက်ပံ့ငွေ တိုးမြှင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဘဏ္ဍာငွေရန်ပုံငွေ အခြေအနေနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လွှမ်းခြုံထည့်သွင်းစဉ်းစား ဆောင်ရွက်ရခြင်းဖြစ်၍ လက်ရှိအခြေအနေအရ တိုးမြှင့်ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၏ **နိုင်ငံကူးလက်မှတ်စာအုပ်များရေးသားရန် စာမျက်နှာပြည့်သွား၍ စာအုပ်သစ်လျှောက်ထား ထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်များဖြင့် ထုတ်ပေးမည့်အစား နံပါတ်အဟောင်းများဖြင့်သာ ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံတွင် ထုတ်ပေးလျက်ရှိသော နိုင်ငံကူးလက်မှတ် အမျိုးအစားများမှ သံတမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ်နှင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များဖြစ်ပြီး သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိပါကြောင်း၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များတွင် စာအုပ်ထုတ်လုပ်သည့် စက်ရုံမှ နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရုံးသို့ပေးပို့ရာတွင် နိုင်ငံကူးလက်မှတ်နံပါတ် မပါဝင်သည့် စာအုပ်များ ပေးပို့ခြင်းသည် အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ဆုံးရသည့်ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံးစာအုပ်၏ နံပါတ်တွဲများအား နိုင်ငံတကာမှုခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ခြင်းမရှိသည့်အတွက် မပြုလုပ်ရန် အကြံပြုချက်များရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ စံနှုန်းသတ်မှတ်ချက်တွင် ခိုင်မာလုံခြုံမှုရှိသော စာရွက်စာတမ်းဖြစ်ရန်အတွက် အဆိုပါစာရွက်စာတမ်းများတွင် ပါရှိသောနံပါတ်ကို အခြားစာရွက်စာတမ်းတွင် ပြန်လည်အသုံးမပြုနိုင်ဟုဆိုသော အကြံပြုချက်ရှိခြင်း၊ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသည့်ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပျောက်ဆုံးစာအုပ်၏ နံပါတ်တွဲများအား နိုင်ငံတကာမှုခင်းအဖွဲ့အစည်းများသို့ အကြောင်းကြားနိုင်ပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံကူးလက်မှတ်စာအုပ်များ အတုအပမပြုလုပ်နိုင်ခြင်းတို့ကို ရည်ရွယ်ကာ ထုတ်လုပ်သည့် စာအုပ်အရေအတွက်အတိုင်း စာအုပ်နံပါတ်များအား Register ပြုလုပ်၍ စာအုပ်ပေါ်၌ နိုင်ငံကူးလက်မှတ်နံပါတ် အပေါက်ဖောက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံဒေသအတွင်း နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံ၌ ယခင်က နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးထုတ်ပေးရာတွင် နိုင်ငံကူးလက်မှတ်အဟောင်းနံပါတ်အတိုင်း ပြန်လည်ထုတ်ပေးခဲ့ဖူးသော်လည်း ယခုအခါ စာအုပ်နံပါတ်အသစ်ဖြင့်သာ သက်တမ်းတိုးထုတ်ပေးလျက်ရှိပါကြောင်း၊ အလားတူ အမေရိကန်နှင့် ဗြိတိန်ကဲ့သို့သော နိုင်ငံကြီးများတွင်လည်း နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးထုတ်ပေးရာတွင် စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များ စာရွက်ကုန်ဆုံးခြင်းနှင့် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးပျက်စီးခြင်းများအတွက် စာအုပ်အသစ်များထုတ်ပေးရာတွင် ယခင်စာအုပ်အဟောင်းနံပါတ်ဖြင့် ထုတ်ပေးခြင်းမရှိဘဲ စာအုပ်နံပါတ်အသစ်ဖြင့်သာ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်နံပါတ်များကို နိုင်ငံသားမှတ်ပုံတင်နံပါတ်များကဲ့သို့ အပြောင်းအလဲမရှိထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ယင်းဥပဒေကြမ်းပါ အပိုဒ်၊ အပိုင်ဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အဆိုပါဥပဒေကြမ်းကို အတည်ပြုရန်အတွက် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ်သတ္တမ ပုံမှန် အစည်းအဝေး (၂၂) ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မဲစာရင်းမှန်ကန်ပြည့်စုံရေးအတွက် တာဝန်ရှိသူများ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် မဲစာရင်းပြုစုခြင်းဆိုင်ရာ သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအား ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မဲစာရင်းများကြေညာရာ၌ အိမ်ထောင်စုအလိုက် ဖြစ်စေရန် မဲစာရင်းပြုစုနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မဲစာရင်းကို မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ရန် လိုကြောင်း၊ မဲစာရင်းမှန်ကန်ပြည့်စုံရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားလုပ်ဆောင်ကြရန်နှင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မဲစာရင်းအချိန်မီ ပြီးစီးရန်လည်း လိုအပ်ပါကြောင်း၊ ယခု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




မဲစာရင်းပြုစုခြင်းသင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိသည့် မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်တန်းတွင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အိမ်ထောင်စုအလိုက် မဲစာရင်းထုတ်ပြန်နိုင်ရန် Myanmar TVR Software စနစ်ဖြင့် မဲစာရင်းပြုစုခြင်းမှ Excel စနစ်ဖြင့် ပြုစုသည့် လုပ်ငန်းစဉ်ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်အရာရှိကြီးများ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သမ္မတရုံး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ အရာရှိကြီးများအတွက် "အစိုးရယန္တရားနှင့် မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း" များကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက် တို့တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၆ ရက်တို့တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တစ်ကြိမ်၊ နှစ်ရက်ကြာသင်တန်း စုစုပေါင်း သုံးကြိမ်ကို တစ်ကြိမ်လျှင် သင်တန်းသား ၃၀ စီဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း






က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ဌာနေညွှန်ကြားရေးမှူး Mr. Peter Batchelor က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ တာဝန်ရှိသူများနှင့် သင်ခန်းစာပို့ချဆွေးနွေးမည့် ပြည်ပပညာရှင်များ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သင်တန်းတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် မူဝါဒများရေးဆွဲခြင်းနှင့် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အထောက်အကူနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ပုံ၊ ခေါင်းဆောင်မှု သဘောတရားနှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် သတိပြုသင့်သည့် အကြောင်းအရာများ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်အကြား အပြန်အလှန်ဆက်သွယ် ဆောင်ရွက်မှု၊ ပြည်သူများအား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရမည့် နည်းလမ်းများစသည့် သင်ခန်းစာများကို ပြည်ပပညာရှင်များဖြစ်ကြသည့် ဩစတြေးလျနိုင်ငံ Public Service Commission မှ Commissioner (ဝန်ကြီးအဆင့်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Andrew Podger၊ နယူးဇီလန်နိုင်ငံ State Services Commission မှ Former Deputy Commissioner (ဒုတိယဝန်ကြီးအဆင့်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Ryan Orange နှင့် ဩစတြေးလျနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Ms. Janelle Anne Saffin တို့က ပို့ချဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စတုတ္ထမဏ္ဍိုင်အားကောင်းမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး သုံးရပ် အားကောင်းမှာဖြစ်ပါတယ်

ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ တက်ရောက်လာကြသည့် မဏ္ဍိုင်လေးရပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင် ဆွေးနွေးတွေ့ဆုံခဲ့မှု အခြေအနေများ၊ ထွက်ပေါ်လာသည့် သဘောထားရလဒ်များနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဦးသီဟစော



ဒေါက်တာတင်ထွန်း



ဒေါက်တာသန်းဝင်း

**ဦးသီဟစော (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

အဓိကက ကျွန်တော်တို့ ဖြစ်ချင်တာက သတင်းသမားတွေနဲ့ ကျန်တဲ့ မဏ္ဍိုင် သုံးရပ်နဲ့ ဆက်ဆံရေး၊ ဆက်သွယ်ရေးတွေ အဆင်ပြေစေချင်တယ်။ ၂၀၁၆ ခုနှစ်က လုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ သဘောတူညီချက် ၁၆ ချက်ဆိုတာ ရှိပါတယ်။ ဒီ၁၆ချက်မှာ ဘယ်အချက်တွေက အလုပ်ဖြစ်ပြီလဲ၊ ဘယ်အချက်တွေက အလုပ်မဖြစ်သေးဘူးလဲ၊ ဘယ်အချက်တွေက ထပ်ဖြည့်ဖို့လိုမလဲဆိုတဲ့ အချက်တွေကို ဒီနေ့ ဆွေးနွေးကြမှာပါ။ တစ်ကြိမ်တည်းနဲ့တော့ လိုချင်တာတွေ အကုန်လုံးမရတာတော့ သေချာတယ်။ တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီး လုပ်ရတာပါ၊ ဖြစ်စေချင်တာက မဏ္ဍိုင် လေးရပ်မှာ စတုတ္ထမဏ္ဍိုင်လို့ ခေါ်တဲ့ သတင်းသမားတွေက လွတ်လပ်ပြီး၊ အမှီအခိုကင်းပြီး အားကောင်းတဲ့ မီဒီယာဖြစ်လာအောင် လုပ်ပေးဖို့ လိုတယ်။ ဒီအချက်ကို အစိုးရ မဏ္ဍိုင်သုံးရပ်ကလည်း အသိအမှတ်ပြုပေးဖို့ လိုတယ်။

**ဒေါက်တာတင်ထွန်း (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်)**

သတင်းမီဒီယာ လွတ်လပ်ခွင့်ရလာတဲ့ အချိန်မှာ ပြောစရာစကားတွေက အများကြီးပဲ။ တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းတွေဆိုရင် ကျွန်တော်တို့ သတင်းမီဒီယာလောကအနေနဲ့ ဝေဖန်နိုင်တယ်၊ ပြောနိုင်ဆိုနိုင်တယ်ဆိုတဲ့ အခွင့်အရေးဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အထောက်အကူပြုပါတယ်။ အစိုးရက တိုင်းပြည်အုပ်ချုပ်တဲ့နေရာမှာ သူတို့လုပ်ရပ်တွေမှားနေတယ်ဆိုရင် ပြည်သူလူထုက ပြောနိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်မရှိဘူးဆိုရင် စတုတ္ထမဏ္ဍိုင်ဆိုတာ အမည်ခံပဲဖြစ်တယ်။ စတုတ္ထမဏ္ဍိုင်ဆိုတာ ပြည်သူလူထုအတွက်ကို ပြောတာ ဖြစ်ပါတယ်။ ပြည်သူလူထုက ဒါမကြိုက်ရင် မကြိုက်ကြောင်းကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ ရုပ်သံမှာ အကုန်ကျွန်တော်တို့ ပြောခွင့်ရှိရမယ်။ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲလည်း ကျွန်တော်တို့ တက်ခဲ့ပါတယ်။ ပထမအကြိမ်က ပြောတဲ့အချက်အလက်တွေနဲ့ ဒုတိယအကြိမ်ပြောမယ့် ဆွေးနွေးချက်တွေဟာ သိပ်ပြီးကြီးကျယ်ခြားနားတဲ့အချက်အလက်တော့ ရှိမယ်မထင်ပါဘူး။ ဒါပေမယ့် တိတိကျကျပြောနိုင်တာက ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ဆွေးနွေးပွဲကြားကာလမှာ အများကြီးဖွံ့ဖြိုးတိုးတက်လာတယ်ဆိုတာတော့ လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းသာစကားတော့ ပြောချင်ပါတယ်။

**ဒေါက်တာသန်းဝင်း (အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**

သတင်းမီဒီယာသမားများနဲ့ မဏ္ဍိုင်သုံးရပ် အကြိမ်ကြိမ်တွေ့ဆုံဖို့၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ဖို့ဆိုတဲ့အချက်က အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ဥပဒေတွေဆွဲတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ဥပဒေတွေဆွဲမှသာ ပြည့်ပြည့်စုံစုံ အောင်အောင်မြင်မြင်ဖြစ်မှာ ဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးပွဲမှာ သဘောတူညီချက် ၁၆ ချက်မှာ လက်တွေ့အသုံးချနိုင်တဲ့ အချက်တွေ အများကြီးပါတယ်။ ဆက်ပြီးတော့ သတင်းမီဒီယာလွတ်လပ်ခွင့်၊ ရပိုင်ခွင့်တွေ ရဖို့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း မဏ္ဍိုင်တွေနဲ့ညှိနှိုင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ စတုတ္ထမဏ္ဍိုင်အားကောင်းမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ် အားကောင်းမှာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့**

☆ ကျောဖုံးမှ

ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

### စတုတ္ထမဏ္ဍိုင် ပီပြင်စွာဖြစ်ပေါ်ရန်

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊ သတင်းမီဒီယာလုပ်ငန်းများ လွတ်လွတ်လပ်လပ် ပြည့်ပြည့်ဝဝ ကျင့်သုံးဆောင်ရွက်နိုင်ရန်၊ လိုအပ်နေသည့် အချို့ကိစ္စရပ်များ၊ အခက်အခဲများကို ကျန်သည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များနှင့် တွေ့ဆုံပြီး ညှိနှိုင်းအဖြေရှာရန်၊ ဒီမိုကရေစီ ကူးပြောင်းရေးတွင် မရှိမဖြစ် လိုအပ်သည့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာဖြစ်ပေါ်ရန်တို့ ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် မိမိတို့ ကိုယ်တိုင်အနေဖြင့် နိုင်ငံတော် သတင်းပြန်ကြားရေးတာဝန်ကို ထမ်းဆောင်ရပြီး တစ်ချိန်တည်းတွင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရပါကြောင်း၊ မိမိတို့သည် တည်ရှိနေဆဲ ဥပဒေများ ပြောင်းလဲလိုသည့် အနေအထားနှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲသည့် အလုပ်များလည်း လုပ်ရန်လိုပါကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ်ကာလတွင် တည်ရှိနေသည့် ဥပဒေများနှင့်အညီ ကျင့်သုံးရပါကြောင်း၊ ယင်းအနေအထားကို ချိန်ဆပြီး ချိတ်ဆက်ရခြင်းဖြစ်သည့်အတွက် အချိန်ပေးရခြင်းများ ရှိပါကြောင်း၊ ၎င်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်သောအဖွဲ့အစည်းများနှင့် ဆောင်ရွက်ချင်သူများ၊ အသင်းအဖွဲ့များကြားတွင် ညှိနှိုင်းပြီး ဆောင်ရွက်မှသာလျှင် အဆင်ပြေနိုင်မည် ဖြစ်ပါကြောင်း။

### အာဏာမဏ္ဍိုင်များ

ယနေ့ ဆွေးနွေးပွဲ၌ မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲဟု သုံးထားပါကြောင်း၊ မဏ္ဍိုင်ဆိုသည်မှာ အာဏာမဏ္ဍိုင်များဟု ပြောလိုရင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာသည် ပြည်သူထံမှဆင်းသက်သည်ဟု ရေးထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ရှိပြီး နိုင်ငံသားများသည် တိုင်းပြည်၏ အကြောင်းကိစ္စများကို စီမံခန့်ခွဲပိုင်ခွင့်ရှိပါကြောင်း၊ တိုင်းပြည်၏ ကောင်းကျိုးဆိုးကျိုးကို စီမံခန့်ခွဲခွင့် အာဏာသည် ပြည်သူတွင် ရှိပါကြောင်း၊ သို့သော် ပြည်သူသည် သန်းပေါင်း ၅၀၊ ၆၀ ရှိသည့်အတွက် ပြည်သူတစ်ဦးချင်းအနေဖြင့် အာဏာကို ကိုယ်တိုင်ကျင့်သုံးရန် ခက်ခဲပါကြောင်း၊ လွှတ်တော်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ပြည်သူများက မိမိတို့ ဆောင်ရွက်စေချင်သည့် ကိစ္စများကို ဆောင်ရွက်ရန်အတွက် ကိုယ်စားလှယ်အနေဖြင့် ရွေးပြီးပေးလိုက်ခြင်း ဖြစ်ပါကြောင်း။

ပြည်သူများက မိမိတို့ဆီမှာရှိနေသည့် အာဏာ အစိတ်အပိုင်းလေးများကို စုပေါင်းပြီး ပြည်သူ့ကိုယ်စားလှယ်များကို ပေးလိုက်ပါကြောင်း၊ အာဏာသုံးရပ်သည် ပြည်သူက မိမိတို့တွင်ရှိသည့် အာဏာများကို ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အာဏာသည် လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း မလုပ်ချင်သည်ကို တိုက်တွန်းနိုင်သည်မှာ အာဏာဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၃)ရပ်တွင် ရှိသည့် ပုဂ္ဂိုလ်များသည် အာဏာရှိပါကြောင်း၊ သို့သော် အာဏာကို မမှန်မကန်သုံးစွဲခွင့်မရှိဘဲ အာဏာခွဲဝေသုံးစွဲမှုသည် မဏ္ဍိုင်(၃)ရပ် ခွဲဝေသုံးစွဲပြီး အာဏာ ထိန်းကျောင်းနေရုံဖြင့် မပြည့်စုံ မလုံလောက်ဘူးဟု ယူဆသည့်အတွက် မူလပိုင်ရှင်ဖြစ်သော ပြည်သူများက မိမိတို့ ပေးလိုက်သည့် အာဏာကို သုံးစွဲသူများ မှန်မှန်ကန်ကန် သုံးစွဲသလား၊ မသုံးစွဲဘူးလား၊ မိမိတို့ဆန္ဒနှင့် လျော်ညီစွာ ဆောင်ရွက်ခြင်းရှိသလား၊ မရှိဘူးလားသိရန် စောင့်ကြည့်သည့်အလုပ်ကို လုပ်ရပါကြောင်း၊ စောင့်ကြည့်ပြီး ဝေဖန်၊ ထောက်ပြ၊ ကန့်ကွက်၊ တားဆီးစသည်ဖြင့် လုပ်ပေးရန်လိုပါကြောင်း၊ ထိုမှသာ ဒီမိုကရေစီနည်းကျသည့် နိုင်ငံဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် မဏ္ဍိုင်(၃)ရပ်ကို စောင့်ကြည့်ဝေဖန်ထောက်ပြရန်ဆိုပြီး စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် သတင်းမီဒီယာများ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ သို့မဟုတ် သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး ဝေဖန် စောင့်ကြည့် ထောက်ပြခွင့်အာဏာ အပ်နှင်းထားခြင်းဖြစ်သည်ဟု ပြောချင်ပါကြောင်း။



ဒုတိယအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

### ထောက်ပြခွင့် အာဏာ

သတင်းမီဒီယာများက အာဏာသုံးရပ်ကို ထောက်ပြခွင့် အာဏာရှိပါကြောင်း၊ မဏ္ဍိုင်(၃)ရပ်မှ ပုဂ္ဂိုလ်များသည် မိမိတို့အာဏာသည် ပြည်သူထံမှ ဆင်းသက်ခြင်းဖြစ်သည့်အတွက် ပြည်သူကိုအစီရင်ခံရန် တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာများသည်လည်း ထိုနည်းတူစွာ ဆောင်ရွက်ရန်တာဝန်ရှိသည်ဟု မြင်ပါကြောင်း။

မဏ္ဍိုင်(၄) ရပ်ဖြစ်သည့်အတွက် လုပ်ပိုင်ခွင့်များကို ဆွေးနွေးသည့်အခါ အများပြည်သူ အကျိုးစီးပွားဆိုသည့် အခြေခံပေါ်တွင်မူတည်ပြီး စဉ်းစားဆွေးနွေးစေချင်သည်ဟု ပြောလိုပါကြောင်း၊ မိမိတို့တိုင်းပြည်တွင် မဏ္ဍိုင်(၃)ရပ်ကို စောင့်ကြည့်မည့် စတုတ္ထမဏ္ဍိုင်အပြင် တခြားသော အများပြည်သူ အကျိုးစီးပွားအတွက် စောင့်ကြည့်သည့် အဖွဲ့အစည်းများ ယခုအခါ ပေါ်ပေါက်လာနေပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလ တိုးတက်လာသည်နှင့်အမျှ အဖွဲ့အစည်းများ တိုးတက်ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ တိုးတက်ပေါ်ပေါက်လာသည်နှင့်အမျှ ဒီမိုကရေစီသည်လည်း တိုးတက်ရန် ရှိပါကြောင်း။

ယနေ့ ဆွေးနွေးသည့်အခါ အကျိုးရလဒ်ထွက်ပေါ်လာအောင်ဆွေးနွေးကြပါ၊ မိမိတို့ လုပ်ပိုင်ခွင့် အာဏာ အသီးသီး ပြောဆိုပြီး ဆွေးနွေးညှိနှိုင်းသည့်အခါ ပြည်သူ့အကျိုးစီးပွားဆိုသည့်အချက်ကို မမေ့မလျော့ဘဲ ဆွေးနွေးဆောင်ရွက်ကြပါ၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့တိုင်းပြည် ဒီမိုကရေစီကူးပြောင်းရေးတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### သတင်းသမားများအတွက် အချိန်

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ပုံရိပ်ကို မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေသလဲဆိုသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက ကောင်းကောင်းမွန်မွန်နှင့် မှန်မှန်ကန်ကန်သိရန်အတွက် မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ ဤမဏ္ဍိုင်(၄)ရပ်၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ တစ်ယောက်အခက်အခဲကို တစ်ယောက်သိရန်၊ နားလည်ရန်လိုပါကြောင်း၊ သတင်းသမားများအတွက် အချိန်သည် အလွန်အရေးကြီးပါကြောင်း၊ အတိမ်းအစောင်းမခံပါကြောင်း။

သတင်းတစ်ခုသည် မှန်ရန်၊ တိကျရန်၊ ဘက်လိုက်မှုကင်းရန် လိုပါကြောင်း၊ ဘက်လိုက်မှုကင်းရန်အတွက် မဏ္ဍိုင်သုံးရပ်၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ သတင်းသမားများက သတင်းတစ်ခုကြားပြီဆိုလျှင် အတည်ပြုရန်အတွက် သက်ဆိုင်ရာဌာနကို ဆက်သွယ်ရပါကြောင်း၊ ထိုအချိန်တွင် ဖုန်းကိုင်မည့် ပုဂ္ဂိုလ်မရှိပါက ရေးချင်သလိုရေးပြီး နောက်ဆုံးစာကြောင်းတွင် ဤကိစ္စနှင့် ပတ်သက်၍ အတည်ပြုပြောဆိုရန် တာဝန်ရှိပုဂ္ဂိုလ်ကို အချိန်မီဆက်သွယ်၍ မရရှိနိုင်ပါဟု ရေးလိုက်လျှင် ပြီးသွားပြီဖြစ်ကြောင်း၊ ထိုသို့ နိဂုံးချုပ်လိုက်မည်ဖြစ်ပါကြောင်း၊ ထိုအခါ သတင်းအမှားအပေါ် အခြေခံပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကလူများ၊ အခြားပုဂ္ဂိုလ်များ၊ ပြည်သူများ စသည်ဖြင့် ဝေဖန်ကြ၊ ထိုအပေါ်တွင် အခြေခံပြီး မူဝါဒရေးဆွဲကြမည် ဖြစ်ပါကြောင်း၊ ထိုအခါ ထိန်းမနိုင်သိမ်းမရ ပြဿနာများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဏ္ဍိုင်(၄)ခု အကြားတွင် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု မရှိမဖြစ်လိုအပ်ပါကြောင်း။

### အမုန်းစကားများ

မဏ္ဍိုင် (၄) ခုအကြား နားလည်မှုမရှိဘူး၊ ပူးပေါင်းဆောင်ရွက်မှုမရှိဘူး ဆိုလျှင် ဘာတွေဖြစ်နိုင်မလဲဆိုလျှင် သတင်းအမှားများကို တမင်လွှင့်ထုတ်ခြင်း၊ သတင်းအမှားများ ပေါ်ထွက်လာခြင်း၊ ကောလာဟလများ ထွက်လာခြင်း၊ ထိုအပေါ်တွင် အခြေခံပြီး အမုန်းစကားများ ပေါ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)က မဏ္ဍိုင်ကြီး (၄)ရပ် စုစုစည်းစည်း တစ်ယောက်ကိုတစ်ယောက်၊ တစ်တိုင်ကိုတစ်တိုင် အမှီသဟဲပြုပြီး ထိန်းသိမ်းစောင့်ရှောက်လာသည့် အိမ်ကြီး၊ နိုင်ငံတော်ကြီး၊ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး ထိုအထဲတွင် မှီတင်းသည့် မိမိတို့ ပြည်ထောင်စုသားများသည် အမိုးအကာ လုံလုံခြုံခြုံနှင့်စိတ်ချလက်ချ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်သလို မဏ္ဍိုင်ကြီးလေးရပ် စည်းလုံးညီညွတ်ရန် မိမိတို့ အားလုံး ပူးတွဲပြီး ညီညီညွတ်ညွတ် လုပ်ကြမည်ဆိုလျှင် စိန်ခေါ်မှုများကို မိမိတို့ မှုစရာမလိုပါကြောင်း ပြောကြားသည်။

### တည့်မတ်ပေးရမည့် တာဝန်

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက မဏ္ဍိုင်ကြီး(၃)ရပ် ယိမ်းယိုင်လာပါက စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများက တည့်မတ်ပေးရမည့် တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင်လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များ ရရှိအောင် ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်က သြဇာကြီးသော၊ သိက္ခာရှိသော၊ သမာသမတ်ရှိသော စတုတ္ထမဏ္ဍိုင်ကြီး ပေါ်ပေါက်ခဲ့သလို ယခုကာလတွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကို အထောက်အပံ့ပြုသည့် သိက္ခာရှိသော၊ သြဇာရှိသော သမာသမတ်ရှိသော စတုတ္ထမဏ္ဍိုင်ကြီး ပေါ်ပေါက်လာရန်နှင့် သတင်းသမားများ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ ပေါ်ပေါက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ အကြိမ်ကြိမ်လုပ်ဆောင်ရင်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောတို့က မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေး မဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ရရှိနိုင်ရေးနှင့် သတင်းရယူပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီး သတင်းစာဆရာများအဖွဲ့နှင့် BNI (Burma News International)တို့မှ တာဝန်ရှိသူများက မဏ္ဍိုင်(၄)ရပ်နှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြသည်။

### သဘောတူညီချက်များ

ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲရလဒ်အနေဖြင့် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကဲ့သို့ ဆွေးနွေးပွဲများ မကျင်းပမီ အကြိုညှိနှိုင်းအစည်းအဝေးများ ကြိုတင်ပြုလုပ်သွားရန်၊ သတင်းသမား စိစစ်ရေးကတ်ပြားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သက်ဆိုင်ရာ သတင်းမီဒီယာအဖွဲ့များက အသိပေးထားရန်နှင့် သတင်းထောက်ကတ်ပြားများအား အသုံးပြုရေး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တိုက်တွန်းညှိနှိုင်းဆောင်ရွက်ရန်၊ သတင်းမီဒီယာဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားမီဒီယာကဏ္ဍ ပိုမိုအားကောင်းလာစေရန် သတင်းမီဒီယာဥပဒေတွင် အခန်းတစ်ခန်းအနေဖြင့် ထည့်သွင်းဖော်ပြနိုင်ရေးဆောင်ရွက်ရန်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် သတင်းစာရှင်းလင်းပွဲများအား တစ်လတစ်ကြိမ် ပြုလုပ်သွားနိုင်ရေး အကြံပြုတိုက်တွန်းရန်၊ မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားနိုင်ရေး အကြံပြုတိုက်တွန်းရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များတွင် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် ပြောရေးဆိုခွင့်ရအဖွဲ့ ထားရှိရန်နှင့် အသစ်ပြောင်းလဲမှုများရှိပါက Update ပြုလုပ်ပေးရန်၊ သတင်းထောက်များကို အခြေခံသတင်းကျင့်ဝတ်များ သိရှိစေရန်၊ သင်တန်းများပေးရန်နှင့် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့်ပူးပေါင်းပြီး သင်တန်းများ ပေးရန်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စီစဉ်ပေးရန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဒေသဆိုင်ရာ မီဒီယာသမား ဖွံ့ဖြိုးတိုးတက်လာရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပပေးရန်၊ ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများကို သီးသန့်ဖွဲ့စည်းခန့်ထားပြီး တာဝန်နှင့်အခွင့်အရေးများ သတ်မှတ်ပေးရန်၊ အဆိုပါကိစ္စကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များသို့ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာသမားများ၏ ဆက်သွယ်ရန်အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များ (Update) များနှင့် E-mail လိပ်စာများကို သက်ဆိုင်ရာဌာနများသို့ ပြန်လည်ပေးပို့ပေးရန်၊ အစိုးရဌာနများနှင့် လွှတ်တော်များတွင် Press Corner ထားရှိပေးရန်၊ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းထောက်များအား ကျင့်ဝတ်လိုက်နာမှုရှိစေရေး ဆောင်ရွက်ပေးရန်၊သတင်းမီဒီယာသမားများနှင့် မဏ္ဍိုင်(၃) ရပ်အဖွဲ့များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးရန်နှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းရင်းသား မီဒီယာသမားများ သတင်းရယူရာတွင် တန်းတူအခွင့်အရေးရရှိရေးဆောင်ရွက်ပေးရန်၊ မဏ္ဍိုင်(၃)ရပ်မှ မီဒီယာသမားများအား ခွဲခြားဆက်ဆံမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန်ဆိုသည့် သဘောတူညီချက်များကို အတည်ပြုခဲ့ကြသည်။

**သတင်းစဉ်**

---

❍ MNL မှ

ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ပါက ထိပ်ဆုံးနေရာအား ပထမဆုံးရယူနိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အမှတ်ပေးပြိုင်ပွဲ နှစ်ကျော့စလုံး အနိုင်မရခဲ့ဘဲ ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ၂၀၁၆ ဘောလုံးရာသီတွင် ရှမ်းအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သော်လည်း ပြီးခဲ့သည့်ရာသီတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။ ယခုရာသီ MFF Charity Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းက ပင်နယ်တီတွင် အနိုင်ရခဲ့ပြီး ရှုံးပွဲမရှိသေးသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်သည်။ ပွဲစဉ်(၆)အပြီး ၁၈ ဂိုးသွင်းကာ အကောင်းဆုံးတိုက်စစ်ပိုင်ဆိုင်ထားသည့် ရန်ကုန်အသင်းနှင့် ခြောက်ပွဲကစား သုံးဂိုးသာပေးရကာ အကောင်းဆုံးခံစစ်ပိုင်ဆိုင်ထားသည့် ရှမ်းယူနိုက်တက်အသင်းတို့၏ ပြိုင်ဆိုင်မှုကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အိမ်ကွင်းတွင် ဇွဲကပင်အသင်းနှင့် တွေ့ဆုံနေပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုအား အဆုံးသတ်ရမည်ဖြစ်သည်။

ပွဲစဉ် (၆) အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ၁၁ မှတ်စီ၊ ဟံသာဝတီအသင်းက ကိုးမှတ်၊ Southern အသင်းက ရှစ်မှတ်၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ဧရာဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းက ငါးမှတ်စီ၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

**(ယခင်အပတ်မှအဆက်)**

ထိုင်းနိုင်ငံက ခါရာတူးမြောင်းစီမံကိန်းအပေါ် တရုတ်တစ်နိုင်ငံတည်းက လက်ဝါးကြီးအုပ်မှာ စိုးရိမ်နေတယ်ဆိုတော့ အခု ခါရာတူးမြောင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပထဝီနိုင်ငံရေးအနေအထားတွေကို သုံးသပ်ကြည့်ရအောင်ပါ။ ခါရာတူးမြောင်းကိုသာ ဖောက်လုပ်ခဲ့ရင် ဒီဒေသရဲ့ ပထဝီနိုင်ငံရေးကို ပြောင်းပြန်လှန်လိုက်သလို ဖြစ်သွားနိုင်ပါတယ်။ ပြောင်းပြန်လှန်မယ်ဆိုတဲ့အတွက် အကျိုးအမြတ်ရှိတဲ့ နိုင်ငံတွေ၊ အရှုံးတွေကို ပွေ့ပိုက်ရမယ့် နိုင်ငံဆိုတာ ရှိလာမှာပါ။

ခါရာတူးမြောင်းကြောင့် အဆုံးရှုံးဆုံးဖြစ်လာနိုင်တဲ့ နှစ်နိုင်ငံကတော့ စင်ကာပူနိုင်ငံနဲ့ အမေရိကန်နိုင်ငံပါ။ မလက်ကာရေလက်ကြားရဲ့ အကျဉ်းမြောင်းဆုံးအပိုင်းနဲ့ အနီးဆုံးနေရာမှာရှိတဲ့အတွက် စင်ကာပူနိုင်ငံရဲ့ အနေအထားဟာ အရေးပါနေတာပါ။ ရေကြောင်းစစ်ဆင်ရေးရှုထောင့်ကကြည့်ရင် စင်ကာပူဟာ ကာကွယ်ဟန့်တားမှုပြုလုပ်ဖို့ အလွယ်ဆုံးနေရာဖြစ်ပြီး စင်ကာပူရဲ့ ပထဝီအနေအထားကြောင့် ရေကြောင်းကူးသန်းသွားလာမှုတွေကို ပိတ်ဆို့ဟန့်တားနိုင်ပါတယ်။ စင်ကာပူဟာ ဘန်ဂေါ(Bengal)နဲ့ ဟောင်ကောင်အကြား ခရီးအကွာအဝေးရဲ့ တစ်ဝက်လောက်မှာ တည်ရှိနေတာပါ။ ဒါကြောင့် ၁၉ ရာစုမှာ ဘန်ဂေါဘိန်းခင်းတွေက ဘိန်းတွေကို ဟောင်ကောင်ဆီသယ်လာတဲ့ ဗြိတိသျှသင်္ဘောတွေအဖို့ စင်ကာပူဟာ ခရီးတစ်ထောက်နားဖို့ အကောင်းဆုံးနေရာပါ။ မလက်ကာရေလက်ကြားကို ဖြတ်သန်းသွားလာနေတဲ့ သင်္ဘောတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ တောင်တရုတ်ပင်လယ်မှာရှိတဲ့ မလေးရှားဆိပ်ကမ်းလေးခုထဲက ဆိပ်ကမ်းတစ်ခုခုမှာ ဝင်ရောက်ဆိုက်ကပ်တာပါ။ ကလန်(Klang)၊ ပီနန်(Penang)၊ ဂျိုဟာ(Johor)နဲ့ တန်ဂျန်းပဲလပတ်စ် (Tanjung Pelepas) တို့ပါ။ မလက်ကာရေလက်ကြားကို ဖြတ်သန်းသွားလာနေတဲ့ သင်္ဘောတွေရဲ့ ၅၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းဟာ စင်ကာပူဆိပ်ကမ်းမှာ ဆိုက်ကပ်တာပါ။ ကျန်တဲ့ရာခိုင်နှုန်းအနည်းငယ်သော သင်္ဘောတွေကတော့ မလက်ကာရေလက်ကြားကို ဖြတ်ရုံပဲဖြတ်ကြတာပါ။

ခါရာတူးမြောင်းသာ ဖောက်လုပ်ခဲ့ရင် စင်ကာပူမှာ ဝင်ရောက်ဆိုက်ကပ်တဲ့ သင်္ဘောအရေအတွက်ဟာ ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဒါပေမယ့် စင်ကာပူနိုင်ငံဟာ သူ့ရဲ့အနေအထား ခိုင်မာအောင် ပံ့ပိုးပေးနိုင်တဲ့ ခေတ်မီကွန်ရက်တွေကို ဖြန့်ကြက်ထားပါတယ်။ စင်ကာပူမှာ သင်္ဘောတည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေကနေ ဥပဒေရေးရာနဲ့ ဘဏ္ဍာရေးရာ ဝန်ဆောင်မှုတွေ အပါအဝင် ပစ္စည်းသိုလှောင်ရုံကဏ္ဍအထိ ဖြည့်ဆည်းဆောင်ရွက်ထားတာပါ။ ခါရာတူးမြောင်းအနီးမှာ စင်ကာပူဆိပ်ကမ်းလို ခေတ်မီဝန်ဆောင်မှုမျိုးစုံပေးဖို့ဆိုတာ အချိန်အတော်ကြာ ဖြည့်ဆည်းတည်ဆောက်ရမှာပါ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ခါရာတူးမြောင်း ဖောက်လုပ်ဖြစ်ခဲ့ရင်တော့ စင်ကာပူဆိပ်ကမ်းအပေါ် အနုတ်လက္ခဏာသက်ရောက်မယ်ဆိုတာကတော့ ရှင်းပါတယ်။

အမေရိကန်နိုင်ငံဟာ မလက်ကာရေလက်ကြားမှာ ပင်လယ်ဓားပြအန္တရာယ်ကို ကာကွယ်နိုင်ဖို့ ကင်းလှည့်ဆောင်ရွက်နေတာပါ။ စင်ကာပူနိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေတာမို့လို့ အမေရိကန်ရေတပ်ဟာ စင်ကာပူဆိပ်ကမ်းကို ဝင်နိုင်၊ ထွက်နိုင်သလို လိုအပ်ခဲ့ရင်လည်း စင်ကာပူသင်္ဘောကျင်းမှာ သင်္ဘောပြင်ဆင်တာတွေ ဆောင်ရွက်နိုင်ပါတယ်။ အမေရိကန်နိုင်ငံဟာ စင်ကာပူမှာအခြေစိုက်ပြီး ခရီးဝေးထောက်လှမ်းရေးလေယာဉ်ပျံ (P-8 Poseidon)နဲ့ ထောက်လှမ်းပျံသန်းနေတာပါ။ ဒီထောက်လှမ်းရေးလေယာဉ်ပျံမှာ ရဟတ်ယာဉ်နဲ့ ယာဉ်၊ ကားတွေကို ထောက်လှမ်းနိုင်တဲ့ ရေဒါစနစ်ပါဝင်သလို သင်္ဘောလို ရေပေါ်ပစ်မှတ်တွေ ချေမှုန်းရေးစနစ်နဲ့ ရေငုပ်သင်္ဘောလို ရေအောက်ပစ်မှတ်ချေမှုန်းရေးစနစ်တွေလည်း ပါဝင်ပါတယ်။ ဒီလိုစွမ်းပကားတွေကြောင့် အမေရိကန်နိုင်ငံဟာ လိုအပ်ခဲ့ရင် မလက်ကာရေလက်ကြားကိုပဲဖြစ်ဖြစ်၊ ဆန်းဒါ (Sunda) ရေလက်ကြားကိုပဲဖြစ်ဖြစ်၊ လွန်းဘော့ခ် (Lombok) ရေလက်ကြားကိုပဲဖြစ်ဖြစ် ပိတ်ဆို့ထားနိုင်ပါတယ်။ ခါရာတူးမြောင်းကိုသာ ဖောက်လုပ်ဖြစ်ရင် မလက်ကာရေလက်ကြားနေရာမှာ အစားထိုးရွေးချယ်နိုင်တဲ့ ရေလမ်းကြောင်းတစ်ခုဖြစ်လာမှာ ဖြစ်ပေမယ့် အမေရိကန်ရေတပ်အဖို့ ခါရာတူးမြောင်းထိန်းချုပ်ရေးဟာ မလက်ကာရေလက်ကြားလောက်တော့ လွယ်ကူမှာ မဟုတ်ပါဘူး။

ဒါ့အပြင် ခါရာတူးမြောင်းကို တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ဖောက်လုပ်ဖြစ်ခဲ့ရင် ခါရာတူးမြောင်းမှာ တရုတ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှာကတော့ သေချာပါတယ်။ ဒါကြောင့် ခါရာတူးမြောင်းသာ ဖောက်လုပ်ခဲ့ရင် အိန္ဒိယသမုဒ္ဒရာနဲ့ တောင်တရုတ်ပင်လယ်အကြား ရေတပ်သင်္ဘောတွေ ကင်းလှည့်လှုပ်ရှားရာမှာ တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံအပေါ် အသာစီးရလာနိုင်ပါတယ်။ ပြောရရင် ခါရာတူးမြောင်းဖောက်လုပ်ဖြစ်ခဲ့ရင် အမှန်တကယ်အကျိုးရှိမယ့် နိုင်ငံကတော့ ထိုင်းနိုင်ငံပါ။ ဒါပေမယ့် ထိုင်းနိုင်ငံဟာ စူးအက်တူးမြောင်း(Suez)နဲ့ ပနားမားတူးမြောင်းလို ဝန်ဆောင်မှုတွေပေးနိုင်မှာ မဟုတ်လို့ ဒီတူးမြောင်းတွေလောက်တော့ စီးပွားရေးအကျိုးအမြတ်ရရှိမှာ မဟုတ်ပါဘူး။ ခါရာတူးမြောင်းဖောက်လုပ်ရေးကို ထောက်ခံသူတွေကတော့ ခါရာတူးမြောင်းသာ ဖောက်လုပ်ခဲ့ရင် ခါရာတူးမြောင်းဆိပ်ကမ်းဟာ ရော့တာဒန် (Rotterdam)ဆိပ်ကမ်းလိုဖြစ်လာမယ်လို့ ကြွေးကြော်နေပါတယ်။

ရော့တာဒန်ဆိပ်ကမ်းဟာ ဥရောပတိုက်ရဲ့ အကြီးဆုံးဆိပ်ကမ်းပါ။ မဟာဗျူဟာရှုထောင့်အရ စဉ်းစားရင်လည်း ခါရာတူးမြောင်းဟာ ထိုင်းရေတပ်အဖို့ နိုင်ငံရဲ့ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းနဲ့ အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းအကြား အလွယ်တကူ ဆက်စပ်လှုပ်ရှားနိုင်အောင် ပံ့ပိုးပေးသွားမှာပါ။ လက်ရှိအခြေအနေအရ ထိုင်းနိုင်ငံမှာ ရေတပ်အခြေစိုက်စခန်း လေးခုရှိပါတယ်။ ထိုင်းပင်လယ်ကွေ့ဘက်မှာဆိုရင် ဗန်ကောက်၊ ဆတ်တာဟစ် (Sattahip)နဲ့ ဆောင်ခလာ(Songkhla)တို့ရှိပြီး အက်ဒမန်ပင်လယ်ဘက်မှာ ဖင်ငါး(Phang Nga)ရှိပါတယ်။ သင်္ဘောကျင်းရှိတဲ့ ထိုင်းရေတပ်အခြေစိုက်စခန်းက နှစ်ခုပဲရှိပါတယ်။ ဗန်ကောက်နဲ့ ဆက်တာဟစ်တို့ပါ။ ဖင်ငါးရေတပ်အခြေစိုက်စခန်းဆိုရင် ပြုပြင်တည်ဆောက်စရာတွေအများကြီးရှိနေတာမို့လို့ ရေတပ်အခြေစိုက်စခန်းလို့ ပြောဖို့တောင် ခပ်ခက်ခက်ပါ။ ပြုပြင်လိုတဲ့သင်္ဘောတွေဟာ မိုင်ပေါင်း ၁၅၀၀ လောက်ကိုဖြတ်ပြီး ထိုင်းပင်လယ်ကွေ့ဘက်မှာရှိတဲ့ သင်္ဘောကျင်းတွေဆီ သွားရမှာပါ။ ခါရာတူးမြောင်းကြောင့် လက်တွေ့မှာ ထိုင်းနိုင်ငံတောင်ပိုင်းကို နှစ်ပိုင်း ပိုင်းခြားလိုက်သလိုဖြစ်ပြီး မူဆလင်သူပုန်တွေအတွက် အားသာချက်တစ်ရပ် ဖြစ်လာနိုင်တယ်ဆိုတဲ့ တွေးဆချက်ဟာ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိပါဘူး။

ခါရာတူးမြောင်းကြောင့် အကျိုးအမြတ်သိသိသာသာ ရနိုင်တဲ့ နိုင်ငံတွေထဲမှာ သီရိလင်္ကာနိုင်ငံ ပါဝင်ပါတယ်။ သီရိလင်္ကာနိုင်ငံဟာ ခါရာတူးမြောင်းရဲ့ တစ်ဖက်ခြမ်း၊ အိန္ဒိယသမုဒ္ဒရာမြောက်ဘက် သင်္ဘောလမ်းကြောင်းပေါ်မှာ ခွရှိနေတာမို့လို့ အိန္ဒိယသမုဒ္ဒရာမှာ သွားလာဖြတ်သန်းနေတဲ့ သင်္ဘောတွေရဲ့ ဆုံစည်းဆိုက်ကပ်ရာ သင်္ဘောဆိပ်ကမ်း ဖြစ်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ တရုတ်နိုင်ငံဟာ သီရိလင်္ကာနိုင်ငံရဲ့ ဆိပ်ကမ်းအခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်အောင် ရင်းနှီးမြှုပ်နှံမှုတွေ အများအပြားပြုလုပ်ခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ဟဲန်းဘန်းတိုတာ (Hambantota) နိုင်ငံတကာဆိပ်ကမ်းဆောက်လုပ်ရေးကို တရုတ်နိုင်ငံက ဘဏ္ဍာရေးအရ ပံ့ပိုးပေးခဲ့ပြီး ယခုတော့ တရုတ်ကုမ္ပဏီတစ်ခုက ဒီဆိပ်ကမ်းကို ကိုင်တွယ်ခန့်ခွဲနေပါတယ်။ ကိုလံဘိုဆိပ်ကမ်းနဲ့ သူ့ရဲ့စီးပွားရေးဝန်းကျင် တည်ဆောက်ရေးကိုလည်း တရုတ်နိုင်ငံက ငွေရေးကြေးရေးအရ ပံ့ပိုးကူညီနေပါတယ်။ ကိုလံဘိုဆိပ်ကမ်းဟာ အိန္ဒိယနိုင်ငံအတွက် အကြီးမားဆုံးကြားခံဆိပ်ကမ်းဖြစ်လာပြီး အိန္ဒိယစီးပွားရေးမှာ ကိုလံဘိုဆိပ်ကမ်းရဲ့ အခန်းကဏ္ဍဟာ မြင့်မားလာပါတယ်။ ကိုလံဘိုဆိပ်ကမ်းရဲ့ အခန်းကဏ္ဍ ဒီလိုမြင့်မားလာဖို့ ပေးဆပ်လိုက်ရတဲ့ ဆိပ်ကမ်းကတော့ စင်ကာပူပါ။ ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် သီရိလင်္ကာရဲ့ အားသာမှုတွေဟာ ပိုခိုင်မာလာမှာပါ။ ဒါ့အပြင် ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် ဒေသတွင်းမှာရှိတဲ့ ဆိပ်ကမ်းတွေကို မဖြစ်မနေ အဆင့်မြှင့်တင်ရတော့မှာပါ။

အိန္ဒိယဆိပ်ကမ်းအများစုဟာ ကွန်တိန်နာအကြီးစားတွေကို ကိုင်တွယ်နိုင်စွမ်းမရှိတာမို့လို့ ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် အဆင့်မြှင့်တင်ရေးကို မဖြစ်မနေဆောင်ရွက်ရမှာပါ။ ကိုလံဘိုဆိပ်ကမ်းကသာ စင်ကာပူလို ခေတ်မီဝန်ဆောင်မှုမျိုးစုံပေးနိုင်ခဲ့ရင် ကိုလံဘိုဟာ အိန္ဒိယသမုဒ္ဒရာရဲ့ စင်ကာပူဖြစ်လာမှာပါ။ ဗီယက်နမ်နိုင်ငံကလည်း ဟွန်းခိုအက် (Hon Khoai) မှာ ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ခါရာတူးမြောင်းသာဖောက်လုပ်ဖြစ်ခဲ့ရင် ဟွန်ခိုအက် ရေနက်ဆိပ်ကမ်းဟာ ဆိပ်ကမ်းဝန်ဆောင်မှုတွေ ကောင်းကောင်းပေးနိုင်တဲ့ အနေအထားရှိနေတာမို့လို့ စင်ကာပူဆိပ်ကမ်းအတွက်တော့ ပိုပြီးအနုတ်လက္ခဏာတွေ ရင်ဆိုင်လာရမှာပါ။ ဟွန်ခိုအက်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးကုန်ကျစရိတ်ရဲ့ ၈၅ ရာခိုင်နှုန်းကို အမေရိကန်ထုတ်ကုန်၊ သွင်းကုန်ဘဏ်က ပံ့ပိုးပေးတာဖြစ်လို့ တရုတ်-အမေရိကန် အားပြိုင်မှုကို မှန်းဆကြည့်လို့ရပါတယ်။ ဒါပေမယ့် ပြောရရင် ဟွန်ခိုအက်ရေနက်ဆိပ်ကမ်းဟာ ဗီယက်နမ်နိုင်ငံရဲ့ ကျောက်မီးသွေးတင်ပို့မှုအတွက် အဓိကရည်ရွယ်ခဲ့တာပါ။

ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် တရုတ်ရေတပ်ဟာ အက်ဒမန်ပင်လယ်နဲ့ အိန္ဒိယသမုဒ္ဒရာ အရှေ့ပိုင်းကို အခုထက်ပိုပြီး လွယ်လွယ်ကူကူ ဝင်ထွက်လှုပ်ရှားနိုင်မှာပါ။ တစ်ခါ အိန္ဒိယနိုင်ငံအတွက် ကြည့်ရင်လည်း အိန္ဒိယနိုင်ငံဟာ ခါရာတူးမြောင်းကြောင့် အရှေ့မျှော်မူဝါဒနဲ့အညီ အရှေ့တောင်အာရှဒေသနဲ့ ပိုပြီးချိတ်ဆက် ဆောင်ရွက်လာနိုင်မှာပါ။ အထူးသဖြင့် အလျင်အမြန်ကြီးထွားနေတဲ့ တောင်တရုတ်ပင်လယ်အတွင်းက အိန္ဒိယ- ဗီယက်နမ် ပူးပေါင်းမှုကို ပိုပြီး အားကောင်းစေမှာပါ။ ခါရာတူးမြောင်းကတစ်ဆင့် ဖြတ်သန်းသွားလာမယ့် သင်္ဘောတွေဟာ အိန္ဒိယနိုင်ငံပိုင် အက်ဒမန်ကျွန်းစုတွေနဲ့ နီကိုဘာကျွန်းစု (Nicobar) တွေကြားက ဖြတ်သန်းသွားလာရမှာမို့လို့ အိန္ဒိယနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံကြားမှာ ဖောက်လုပ်ဖို့စီစဉ်နေတဲ့ ဆစ်သူ့ဆစ်မတ်ဒရမ်(Sethusamudram) တူးမြောင်းစီမံကိန်းနဲ့ ပေါင်းစဉ်းစားလိုက်ရင် ဒေသတွင်း အိန္ဒိယရေတပ်ရဲ့ လှုပ်ရှားနိုင်စွမ်းဟာ တိုးမြှင့်လာမှာပါ။ ဒါကြောင့် ခါရာတူးမြောင်းသာ ဖောက်လုပ်ခဲ့ရင် ဒေသတွင်း အိန္ဒိယနိုင်ငံရဲ့ မဟာဗျူဟာမြောက်အနေအထားဟာ ပိုအားကောင်းလာမှာပါ။

မြန်မာနိုင်ငံအတွက်ကြည့်ရင်လည်း ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် မြန်မာနိုင်ငံက တောင်တရုတ်ပင်လယ်နဲ့ ပစိဖိတ်သမုဒ္ဒရာကို ပိုပြီး လွယ်လွယ်ကူကူ ဝင်ထွက်များလာနိုင်မှာပါ။ ကမ္ဘောဒီးယားနိုင်ငံဆိုရင်လည်း ခါရာတူးမြောင်းကြောင့် အိန္ဒိယသမုဒ္ဒရာကို အလွယ်တကူ ဝင်ထွက်နိုင်တော့မှာပါ။ လက်ရှိရေကြောင်းသွားလာမှုအရ မြန်မာနိုင်ငံရော ကမ္ဘောဒီးယားနိုင်ငံပါ မလက်ကာရေလက်ကြားကတစ်ဆင့် သွားလာနေရတဲ့အတွက် ခါရာတူးမြောင်းသာ ဖောက်လုပ်ခဲ့ရင် နှစ်နိုင်ငံစလုံးရဲ့ ရေကြောင်းသွားလာမှုမှာ မိုင်ပေါင်း ၁၅၀၀ လောက် သက်သာသွားမှာပါ။ လက်ရှိအခြေအနေမှာ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲတွေနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ အခက်အခဲတွေကြောင့် ခါရာတူးမြောင်း ဖောက်ဖြစ်၊ မဖောက်ဖြစ်ဆိုတာ မသေချာပေမယ့် ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် ဒေသရဲ့ ပထဝီနိုင်ငံရေးအနေအထား ပြောင်းပြန်လှန်သလို ဖြစ်သွားမှာကတော့ အသေအချာပါပဲ။ ။




> မြန်မာနိုင်ငံအတွက် ကြည့်ရင်လည်း ခါရာတူးမြောင်းသာ ဖောက်လုပ်ဖြစ်ခဲ့ရင် မြန်မာနိုင်ငံက တောင်တရုတ်ပင်လယ်နဲ့ ပစိဖိတ်သမုဒ္ဒရာကို ပိုပြီးလွယ်လွယ်ကူကူ ဝင်ထွက် များလာနိုင်မှာပါ။ ကမ္ဘောဒီးယားနိုင်ငံဆိုရင်လည်း ခါရာတူးမြောင်းကြောင့် အိန္ဒိယသမုဒ္ဒရာကို အလွယ်တကူ ဝင်ထွက်နိုင်တော့မှာပါ။ လက်ရှိ ရေကြောင်းသွားလာမှုအရ မြန်မာနိုင်ငံရော ကမ္ဘောဒီးယားနိုင်ငံပါ ....

# (၉၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်အကြို (၉၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် ပုဗ္ဗသီရိမြို့ သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသနှင့် သံဃာတော် ၁၈ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ စေတီတော်ဂေါပကအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံး ဝန်ထမ်းများနှင့် တပ်နယ်ဝတ်အသင်း အင်အား ၂၀၀ စုစုပေါင်း အင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၉၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် “ထွန်းဖောင်ဒေးရှင်းစာပေဆု”ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် (၁၂) ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်၊ စာမူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၇ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်များအဖြစ် ဆရာကြီး စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဆရာကြီး ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)တို့အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်ကြောင်း သိရသည်။

စီးပွားရေးစာပေဆုတွင် သတိုးလွင်(ပထဝီဝင်) ရေးသားသည့် ယနေ့ခေတ်စား. . . ခရီးသွားစီးပွား၊ ကျန်းမာရေးစာပေဆုတွင် ဒေါက်တာလှကြည်(အာဟာရဆရာဝန်ကြီး)ရေးသားသည့် ဆီးချို သွေးချိုရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာပေဆုတွင် သိပ္ပံစာရေးဆရာ ကိုကိုအောင် ရေးသားသည့် သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ၊ အတ္ထုပ္ပတ္တိစာပေဆုတွင် ပါမောက္ခခင်မောင်ဝင်း (အသည်း) ရေးသားသည့် အမေနဲ့ကျွန်တော်၊ ရှေးဟောင်းကျမ်းစာပေဆုတွင် ထွန်းရီ(ရှေးဟောင်းသုတေသီ) ရေးသားသည့် ပြည်သူ့ကြေးမုံနန်းမှုရိပ်မြုံ စစ်တမ်းစာရင်းနှင့် မင်းခမ်းစာတမ်း(မိတ်ဆက်၊ နိဒါန်း၊ နိဂုံး၊ ဖြည့်စွက်)၊ လူငယ်စာပေဆုတွင် ကျော်ကျော်လှိုင် ရေးသားသည့် ပျော်ရွှင်ခြင်း၊ သမိုင်းစာပေဆုတွင် ဘိုးလှိုင် မြန်မာပြန်သည့် ဂျဝါဟာလာနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း(ခေတ်သစ်အပိုင်း)၊ ယဉ်ကျေးမှု စာပေဆုတွင် သိန်းသန်းဝင်း(မလှိုင်)ရေးသားသည့် တစ်ကုဋေတန်သော ပတ်မချက် (မြန်မာ့အနုသုခုမဆောင်းပါးများ)၊ စာပဒေသာ ဘာသာရပ်တွင် သင့်နော်ရေးသားသည့် အတိတ်၊ လူ၊ ပုံရိပ်နှင့်စာအုပ်များနှင့် မနှင်းဖွေးရေးသားသည့် မန္တလေးသို့ သွားနေသည်နှင့် အခြားအတွေးစာစုများ၊ ရည်ညွှန်းဘာသာရပ်တွင် ဦးသန်းထိုက် ရေးသားသည့် မြန်မာဥပဒေဝေါဟာရ အဘိဓာန်သစ်စာအုပ်တို့က ရရှိကြသည်။

အတ္ထုပ္ပတ္တိစာပေဆု(အင်္ဂလိပ်)တွင် Aung Than Batu နှင့် Aung Gyi တို့ ပူးတွဲရေးသားသည့် REFLECTIONS of a DIRECTOR-GENERAL (Medical Research)၊ သမိုင်းစာပေဆု (အင်္ဂလိပ်) တွင် ဦးပညာရေးသားသော သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီးကို Dr. Saw Mra Aung အင်္ဂလိပ်ဘာသာပြန်ဆိုထားသော THATON CHRONICLE တို့က ရရှိကြသည်။

စာမူဆုအတွက် ကျန်းမာရေးစာပေဆုတွင် ဦးသိန်းဆွေရေးသားသည့် ပြည်သူ့အတွက် ကျန်းမာရေးဗဟုသုတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာပေဆုတွင် ချိုးငှက်(သံတွဲ) ရေးသားသည့် ဒေါက်တာရွှေခဲ၊ ရှေးဟောင်းကျမ်းစာပေဆုတွင် ဒေါက်တာစိန်မြင့်ရေးသားသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများသမိုင်း၊ ကလေးစာပေဆုတွင် နန္ဒာမိုးကြယ် ရေးသားသည့် အလှကမ္ဘာမြေ(ကလေးကဗျာများ)၊ ယဉ်ကျေးမှုစာပေဆုတွင် နန္ဒာမင်းလွင်ရေးသားသည့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်က ထီးများ၊ သုတပဒေသာစာပေဆုတွင် ဒေါက်တာခိုင်ခိုင်ဝင်း ရေးသားသည့် လူတိုင်းသိရှိနားလည်ထားသင့်သည့် လူ့အခွင့်အရေးတို့က ရရှိကြသည်။

(၁၂) ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုအတွက် ဆုငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်းအမှတ်တံဆိပ်ပါ ရွှေတံဆိပ်နှင့် ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့်အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ မတ်လအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့်အခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုရ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇၊ ၀၉-၄၅၁၃၀၃၉၆၉ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဦးမြို့၌ ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲပြိုင်ပွဲနှင့် နည်းပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၂၁**

ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအတွက် ခိုင်မာသောဈေးကွက်စနစ်တစ်ရပ် ဖော်ဆောင်ခြင်းဆိုင်ရာစီမံကိန်း (Making Vegetable Markets Work) မှ စီစဉ်ကျင်းပသော ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲပြိုင်ပွဲနှင့် နည်းပညာနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြောက်ဦးဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု အခန်းကဏ္ဍဖွံ့ဖြိုးမှုအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ဟင်းသီးဟင်းရွက်ဈေးကွက် ချိတ်ဆက်မှုနှင့် ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့်ဆိုင်သော စီးပွားရေးတစ်ခု တည်ဆောက်ခြင်း ခေါင်းစဉ်များဖြင့် စိုက်ပျိုးရေး အသိပညာရှင် အတတ်ပညာရှင်များက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲပြိုင်ပွဲနှင့် နည်းပညာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက် နှစ်ရက်တာကျင်းပမည်ဖြစ်ပြီး မည်သူမဆိုလာရောက်လေ့လာနိုင်သည့်အပြင် စိုက်ပျိုးရေးသုံးပစ္စည်းများကိုလည်း လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် နိုင်ငံအသီးသီးတွင် ရာသီမရွေးဖြစ်ပွားနေသဖြင့် မိမိနိုင်ငံရှိ ကြက်၊ ဘဲ၊ ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှု စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(ဃ) ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊

(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် တရားစွဲဆိုခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးအုန်းခိုင်က “၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄၊ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး (ခေါ်) မိုးအောင်တို့ နှစ်ဦးရဲ့အမှုနဲ့ပတ်သက်ပြီး ဒီကနေ့မှာ တရားလိုပြသက်သေ ထောက်ကြန့်နယ်မြေရဲစခန်းက ရဲတပ်ကြပ်ကျော်လွင်နဲ့ ကုန်းတလဘောင်ကျေးရွာ ရာအိမ်မှူးတို့ကို စစ်ဆေးခဲ့ပါတယ်၊ ရဲတပ်ကြပ်ကျော်လွင်ကိုတော့ ဖမ်းဆီးစဉ်မှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အခြေအနေအပေါ် စစ်ဆေးတယ်၊ ရာအိမ်မှူး ဦးဝင်းလွင်ဦးကိုတော့ ရှာဖွေသက်သေအနေနဲ့ အတွေ့အကြုံတွေကို စစ်ဆေးခဲ့တာပါ”ဟု ပြောသည်။

ဆက်လက်၍ ၎င်းက “ဒါ့အပြင် အမှုနဲ့ပတ်သက်ပြီး ပထမတစ်ခါ စစ်ဆေးတုန်းက ရဲတပ်ဖွဲ့ဝင်ရဲ့ ကိုယ်ပိုင်မှတ်စုကို တင်ပြဖို့ တစ်ဖက်ရှေ့နေက လျှောက်ထားပါတယ်၊ လိုပြသက်သေ ထွက်ဆိုခဲ့တဲ့ ထွက်ဆိုချက်အပေါ်မှာ လိမ်လည်ထွက်ဆိုတယ်ဆိုတဲ့ သဘောမျိုးနဲ့ စစ်ဆေးအရေးယူဖို့ရယ်၊ သက်သေခံတင်ဖို့ လျှောက်ထားမှုတွေ လုပ်ပါတယ်၊ ဥပဒေအရာရှိက အဲဒီအပေါ် လက်မခံဖို့ ကန့်ကွက်ပါတယ်၊ ဒါကြောင့် ရုံးတော်က ဥပဒေနဲ့အညီ လက်မခံတဲ့အကြောင်း အမိန့်ချလိုက်ပါတယ်”ဟု ပြောသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သက်ဦးမောင်(ခေါ်)ဝလုံးနှင့် ကျော်စိုးဦး (ခေါ်) မိုးအောင်တို့နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)တို့ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံး၌ စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုကို မြောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၂၈ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှစစ်ဆေးရန်ကျန်ရှိနေသော တရားလိုပြသက်သေများအနက်မှ နှစ်ဦးကို ဆက်လက်စစ်ဆေးသွားရန် စီစဉ်ထားသည်။ အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေ ၂၅ ဦးရှိပြီး ယနေ့ ခြောက်ကြိမ်မြောက်ရုံးထုတ်မှုအပြီးတွင် တရားလိုပြသက်သေ ခြောက်ဦးကို စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

# လားရှိုးမြို့တွင် ရိုးမဘဏ်နှင့် ရောဝတီဘဏ်အကြား ဗုံးပေါက်ကွဲမှုဖြစ်

**လားရှိုး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အမှတ် (၃)ရပ်ကွက်၊ လမ်းမတော်လမ်းရှိ ရိုးမဘဏ်နှင့် ရောဝတီ(လားရှိုး)ဘဏ်ခွဲအကြား ယနေ့ ညနေ ၄ နာရီခွဲခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ရိုးမဘဏ်ဝန်ထမ်း ဒေါ်စန္ဒာထွန်း(၄၆)နှစ်နှင့် ဒေါ်မော်မော်(၄၃)နှစ်တို့ နှစ်ဦးသေဆုံးပြီး အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၃ ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရိုးမဘဏ်အဆောက်အအုံအတွင်းနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ပြီး ယင်းဘဏ်နှင့်ကပ်လျက်ရောဝတီ (လားရှိုး)ဘဏ်ခွဲ အဆောက်အအုံလည်း ထိခိုက်ပျက်စီးခဲ့သည်။

ဘဏ်အနီးလမ်းဘေးမှမော်တော်ယာဉ်အချို့ ထိခိုက်ပျက်စီးပြီး ရှေ့မျက်နှာချင်းဆိုင်ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံး၏ မှန်များလည်း ကွဲခဲ့သည်။ ပေါက်ကွဲတုန်ခါမှုပြင်းထန်သဖြင့် အနီးရှိနေအိမ်အချို့မှ မှန်များကွဲခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအား လားရှိုးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ဆေးကုသကာ လိုအပ်သောသွေးများကိုလည်း သွေးလှူရှင်များက အရေးပေါ် လှူဒါန်းပေးလျက်ရှိသည်။ ယခုအခါ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အခင်းဖြစ်ပွားရာတစ်ဝိုက်ပိတ်ဆို့ ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



# သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့နှင့် ကြို့ကုန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် မေတ္တာအေးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီခွဲတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အင်းစိန်မြို့နယ် ရဲမှူးတင်အေးက ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဆွေးနွေးရာ ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မှုခင်းအသိပညာပေး ဟောပြော

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၁**

သံဖြူဇရပ်မြို့နယ် ပငကျေးရွာတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့မရဲစခန်းမှူး ဒုရဲမှူး အေးမင်းက သက်ငယ်မုဒိမ်းနှင့် သက်ဆိုင်သည့် ပြစ်မှု ပြစ်ဒဏ်များ၊ ပုဒ်မများ၊ ဖြစ်စဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်)ရဲအုပ် ဌေးလွင်က လူကုန်ကူးမှု၏ ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ် (၁၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲတပ်ကြပ်ကြီး သိန်းနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၇၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ် တပ်ဖွဲ့စု(မုဒုံ)မှ ရဲတပ်ကြပ်ကြီး အောင်စည်သူထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ နည်းဥပဒေများနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဟောပြောကြကြောင်း သိရသည်။ **ခရိုင်ရဲတပ်ဖွဲ့**



**ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ပုညသဟာယဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းသန့်က သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်း ပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောစဉ်။** ကြေးမုံ

# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉၄ စီး၊ သွင်းကုန် ၄၁၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၇၉၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၄၃၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းများတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက် စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TOYOTA NOAH တစ်စီး၊ TOYOTA ALPHARD တစ်စီး၊ HONDA FIT တစ်စီး၊ SUZUKI MOTORCYCLE တစ်စီး၊ HONDA MOTORCYCLE တစ်စီး စုစုပေါင်း ဆိုင်ကယ်နှင့်ယာဉ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၁၅)မကွေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက ပခုက္ကူမြို့ အဝေးပြေးကားဝင်းတွင် သီဟ(ခ)ဖိုးသား၊ မျိုးသီဟအောင်တို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၉၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်နေ မနန်းအီ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် အိုက်စ် ၄၅ ဂရမ်တို့ကို လည်းကောင်း။

ယင်းနေ့ ညနေ ၃ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြို့မတောင်ရပ်ကွက်နေ ခိုင်လင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၄၀ ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်နေ ကိုကိုလင်း(ခ)အားကျော်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၀ နှင့် ဘိန်းဖြူ ၂၀ ဂရမ်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အထက်တန်းသင်ဆရာအရေအတွက်




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် ဂျန်းရှင်းစကွဲယားအတွင်း မှုခင်းပညာပေးလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန် ရှင်းလင်း ပြောကြားစဉ်။** ခင်မောင်သော်

# ရထား ခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး ပညာပေးဟောပြော

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၁**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၁) တပ်ခွဲ တပ်စု(၁) ညောင်လေးပင် တပ်စုမှူး ရဲအုပ်စိုးလေး ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရထားနှင့်ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်/တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများလျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားရေးအတွက် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချပြရှင်းလင်းခြင်းများကို ဆောင်ရွက်ရာ မြို့မ (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျင်ဆွေသောင်း၊ ညောင်လေးပင်ဘူတာရုံပိုင် ဦးစံဌေးနှင့် ဒေသခံပြည်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**




# ဘိုင်ယန်မြူးနစ်အသင်း ငါးဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ဘာစီလိုနာအသင်း သရေရလဒ်ဖြင့်သာကျေနပ်ခဲ့ရ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၁ ရက်နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘီဆစ်တက်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းသည် ငါးဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘီဆစ်တက်အသင်းတို့၏ ပွဲစဉ်တွင် ဘီဆစ်တက်အသင်းကစားသမား ဗီဒါမှာ ပထမပိုင်းပွဲကစားချိန် ၁၆ မိနစ်မှာပင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရကာ ၁၆ မိနစ်နောက်ပိုင်း တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် အိမ်ကွင်းဖြစ်သည့်အပြင် ကစားသမား တစ်ယောက်အသာဖြင့် ကစားခဲ့ရခြင်းကြောင့် ပထမပိုင်းပွဲကစားချိန် ၄၃ မိနစ်တွင် သောမက်မူလာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဒုတိယပိုင်း ၅၂ မိနစ်တွင် ကိုးမန်းကတစ်ဂိုး၊ ၆၆ မိနစ်တွင် သောမက်မူလာကတစ်ဂိုး၊ ၇၉ မိနစ်နှင့် ၈၈ မိနစ်တို့တွင် လီဝန်ဒေါ်စကီးက တစ်ဂိုးစသည်ဖြင့် အသီးသီးသွင်းယူပေးနိုင်ခဲ့ပြီး ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သောမက်မူလာသည် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် သွင်းယူခဲ့သည့်သွင်းဂိုး ၂၁ ဂိုးအထိရှိလာခဲ့ပြီး ချန်ပီယံလိဂ်တွင် တတိယမြောက် ဂိုးသွင်းအများဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။ လက်ရှိတွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ၅၆ ဂိုးနှင့် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက ၃၈ ဂိုး အသီးသီးသွင်းယူထားကာ ဂိုးသွင်းအများဆုံးနှင့် ဒုတိယဂိုးသွင်းအများဆုံးကစားသမားများအဖြစ် ရပ်တည်လျက်ရှိသည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် အဝေးကွင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့သော်လည်း အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းတွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက်သွင်းဂိုးတစ်ဂိုးကို ဝီလီယံက ပွဲကစားချိန် ၆၂ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ဘာစီလိုနာအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၅ မိနစ်တွင် မက်ဆီက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဝီလီယံသည် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအတွက် ပင်နယ်တီဧရိယာအပြင်မှ သွင်းယူခဲ့သည့် ခြောက်ဂိုးမြောက်ချန်ပီယံလိဂ်သွင်းဂိုးဖြစ်ပြီး မက်ဆီအတွက်လည်း အင်္ဂလန်အသင်းများနှင့် တွေ့ဆုံခဲ့သည့် ၂၇ ပွဲတွင် ၁၈ ဂိုးမြောက် ချန်ပီယံလိဂ်သွင်းဂိုးလည်းဖြစ်လာခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

## ပြိုင်ချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် နိုင်ငံအလိုက် ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုတံဆိပ်ရရှိမှုအခြေအနေ

(၂၁-၂-၂၀၁၈)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နော်ဝေ | ၁၃ | ၁၁ | ၉ | ၃၃ |
| ၂။ | ဂျာမနီ | ၁၂ | ၇ | ၅ | ၂၄ |
| ၃။ | ကနေဒါ | ၉ | ၅ | ၇ | ၂၁ |
| ၄။ | နယ်သာလန် | ၆ | ၆ | ၄ | ၁၆ |
| ၅။ | အမေရိကန် | ၆ | ၄ | ၆ | ၁၆ |
| ၆။ | ပြင်သစ် | ၅ | ၄ | ၅ | ၁၄ |
| ၇။ | ဆွီဒင် | ၄ | ၄ | ၀ | ၈ |
| ၈။ | သြစတြီးယား | ၄ | ၂ | ၄ | ၁၀ |
| ၉။ | တောင်ကိုရီးယား | ၄ | ၃ | ၂ | ၉ |
| ၁၀။ | ဂျပန် | ၃ | ၅ | ၃ | ၁၁ |

# ဘရာဇီးကွင်းလယ်ကစားသမား အာသာ ၂၀၁၉ အထိ ဘာစီလိုနာ၌ ကစားမည်မဟုတ်




ဘာစီလိုနာအသင်းသည် ဂရီမီအိုအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အာသာအား ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ လက်ရှိတွင် သဘောတူညီမှုရရှိထားသော်လည်း အာသာအနေဖြင့်မူ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ဘာစီလိုနာအသင်းတွင် ကစားမည်မဟုတ်သေးကြောင်းသိရသည်။

ဘာစီလိုနာအသင်းနှင့် ကွင်းလယ်ကစားသမား အာသာတို့သည် ပေါင် ၃၅ ဒသမ ၂ သန်းဖြင့် သဘောတူညီထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ဂရီမီအိုအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးကွင်းလယ်ကစားသမား အာသာအား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိထားကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အာသာသည် ဘရာဇီးယူ-၂၀ ကစားသမားများထဲတွင် ခြေစွမ်းအကောင်းဆုံးကစားသမားဖြစ်သောကြောင့် မန်ယူအသင်းက စိတ်ဝင်စားနေခြင်းဖြစ်ပြီး မိုက်ကယ်ကားရစ်အနားယူသွားပါက ၎င်းနေရာတွင် အစားထိုးရန် ကွင်းလယ်ကစားသမားနှစ်ဦးအထိ ခေါ်ယူရန် နည်းပြမော်ရင်ဟိုက ဆန္ဒရှိနေခြင်းဖြစ်သည်။

# ချယ်လ်ဆီးအသင်းဘက်သို့ မိနစ် ၇၀၀ ကျော် ဂိုးမသွင်းနိုင်ခဲ့မှုကို မက်ဆီ အဆုံးသတ်

လီယွန်နယ်မက်ဆီသည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးဖြစ်သော်လည်း ချယ်လ်ဆီးအသင်းကို ရင်ဆိုင်တိုင်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဖေဖော်ဝါရီ ၂၁ ရက် မနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ် အရောက်တွင်မူ သွင်းဂိုးတစ်ဂိုး သွင်းယူကာ သူ၏မှတ်တမ်းဆိုးကို ရပ်တန့်နိုင်ခဲ့ပြီဖြစ်သည်။

မက်ဆီသည် ချယ်လ်ဆီးအသင်းကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကတည်းက စတင်ရင်ဆိုင်ခဲ့ဖူးခြင်းဖြစ်သော်လည်း ၁၂ နှစ်ကျော်စောင့်ဆိုင်းပြီးမှသာ သူ၏ပထမဆုံးဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ၂၀၁၂ ခုနှစ် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် ချယ်လ်ဆီးအသင်းဘက်သို့ ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။

ချယ်လ်ဆီးအနေဖြင့် အဆိုပါ ပွဲစဉ်အတွင်း သေချာပေါက် ဂိုးရရှိနိုင်မည့် အခွင့်အရေးသုံးကြိမ်ထက် မနည်းရရှိခဲ့သော်လည်း ဝီလီယံ၏ ကန်ချက်နှစ်ကြိမ် တိုင်ထိထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားမှာ ဝီလီယံဖြစ်ခဲ့သည်ကို သံသယရှိစရာ မလိုသော်လည်း ခရစ်စတန်ဆန်၏ အမှားမှတစ်ဆင့် အင်နီယေစတာက ဘောလုံးရရှိသွားပြီး မက်ဆီက ဂိုးအဖြစ်ပြောင်းလဲ အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ မက်ဆီအနေဖြင့် အဆိုပါဂိုးကို သွင်းယူနိုင်သဖြင့် ချယ်လ်ဆီးကို ကိုးပွဲရင်ဆိုင်ခဲ့ရာတွင် ၇၂၉ မိနစ်ကြာအောင် ဂိုးမသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းဆိုးကို ချိုးဖျက်နိုင်ခဲ့သည်ဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီက အသင်း၏ ကစားပုံကို ကျေနပ်အားရသော်လည်း ရလဒ်ပိုင်းအတွက် စိတ်ပျက်ကြောင်းကို "ကျွန်တော်တို့အနေနဲ့ ပြီးပြည့်စုံတဲ့ ရလဒ်ဖြစ်ဖို့ တကယ်ကို နီးစပ်ခဲ့တာပါ။ မက်ဆီ၊ ဆွာရက်ဇ်၊ အင်နီယေစတာတို့လို ကစားသမားမျိုးရှိနေတဲ့ ဘာစီလိုနာလို အသင်းမျိုးနဲ့ ကစားရင် အမှားလုပ်လို့ မရဘူးဆိုတာ ကျွန်တော်တို့ သိထားပြီးသားပါ။ ကျွန်တော့် ကစားသမားတွေအတွက်တော့ ဂုဏ်ယူပါတယ်။ သူတို့ဟာ ကျွန်တော် ပြင်ဆင်ထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြပါတယ်" ဟု မှတ်ချက်စကားဆိုခဲ့သည်။

**မေလွဲ့သင်း - ရေးသားသည်**




**မက်ဆီနှင့် ချယ်လ်ဆီး ကိန်းဂဏန်းများ**

| | |
|---|---|
| ပင်နယ်တီမှ တစ်ဆင့် ဂိုးသွင်းယူနိုင်မှု | - သုည |
| ဂိုးသွင်းယူနိုင်မှု | - တစ်ဂိုး |
| ရင်ဆိုင်ခဲ့သည့် ပွဲအရေအတွက် | - ကိုးပွဲ |
| ပထမဦးဆုံးကစားခဲ့သည့် ပွဲစဉ်ကာလ | - ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် |
| အခြားအင်္ဂလန်ကလပ်အသင်းများကို ရင်ဆိုင်ခဲ့သည့် ၁၆ ပွဲတွင် ဂိုးသွင်းယူနိုင်သည့် အရေအတွက် | - ၁၇ ဂိုး |
| ချယ်လ်ဆီးဘက်သို့ မက်ဆီ၏ ဂိုးပေါက်ခြိမ်းခြောက်မှု | - အကြိမ် ၃၀ |

# ဆရာကြီးမင်းသုဝဏ်၏ အမျိုးသားရေးကဗျာတစ်ပုဒ်

ခင်မောင်ဌေး(ပညာရေး)

ဆရာကြီးမင်းသုဝဏ်ကို ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် အဖကုန်သည် ဦးလွမ်းပင် အမိ ဒေါ်မိတို့က ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်းခုနစ်ယောက်အနက် ဒုတိယမြောက်ဖြစ်ကာ မွန်ဗမာလူမျိုးဖြစ်သည်။ အမည်ရင်းမှာ ဦးဝန်ဖြစ်သည်။ ဆရာကြီး၏ မွေးနေ့အမှတ်တရအဖြစ် ဆရာကြီးနေခဲ့သည့် ဦးထွန်းလင်းခြံတွင် လည်းကောင်း၊ Yangon Book Plaza တွင်လည်းကောင်း မွေးနေ့ပွဲများ ကျင်းပကာ တပို့တွဲလဖြစ်သည့် အားလျော်စွာ လာရောက်သူတိုင်းကို ထမနဲကျွေးနိုင်ခဲ့ကြသည်။

**မင်းသုဝဏ်ဖောင်ဒေးရှင်း**

ယခုအခါတွင် “မင်းသုဝဏ်ဖောင်ဒေးရှင်း” ဖွဲ့စည်းဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။ ယင်းဖောင်ဒေးရှင်းမှ ဆရာကြီးမင်းသုဝဏ် အမှတ်တရရုပ်တု၊ စာကြည့်တိုက်နှင့် ကဗျာဉယျာဉ်ကို မြေနေရာ ၅ ဧကပေါ်တွင် ဖော်ဆောင်နိုင်ရန် အင်ဂျင်နီယာများနှင့် ပုံစံထုတ်ကာ ယာဉ်ရပ်နားရန်နေရာ၊ ကွန်ပျူတာခန်း၊ သင်တန်းခန်းမ၊ အစည်းအဝေးဆောင်၊ ဧည့်သည်များ တည်းခိုရန်နေရာများ ထည့်သွင်းရေးဆွဲထားလေသည်။

ဆရာကြီးမင်းသုဝဏ်သည် ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဝေဖန်စာအများအပြားရေးသားခဲ့ပြီး ထင်ရှားသည့်စာအုပ်များမှာ မောင်ခွေးဖို့ ကလေးကဗျာများ၊ သပြေညိုနှင့် အခြားကဗျာများ၊ ပန်းနှင့် ပင်စည်၊ မြန်မာစာမြန်မာမှု၊ ပျဉ်းမငုတ်တို၊ ရေချမ်းစင်၊ အင်းလျားကန်သို့ အိုကူးတို့၊ လီယာမင်းကြီး၊ ကဗျာပေါင်းချုပ်၊ မင်းသုဝဏ်ဝတ္ထုတိုများဖြစ်ပြီး လီယာမင်းကြီးဖြင့် အမျိုးသားစာပေဆု(ဘာသာပြန်ရသ)ကို ၁၉၄၈ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရပြီး ၁၉၅၀ တွင် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၆၂ ခုနှစ်တွင် သီရိပျံချီဘွဲ့များရရှိခဲ့သည်။

**လွတ်လပ်ရေးရောင်နီ**

ဆရာကြီးသည် ကဗျာအများအပြားရေးသားခဲ့သည့်အထဲတွင် ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် သပြေညို ကဗျာရေးစပ်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးတည်းဟူသော လွတ်လပ်ရေးရောင်နီအတွက် ၁၀ နှစ်တာကြိုတင်၍ ခန့်မှန်းနိုင်ခဲ့သည်။ ဤလွတ်လပ်ရေးနိမိတ်ခေတ်ကာလများကို ဆရာကြီးမင်းသုဝဏ်အနေဖြင့် အင်္ဂလန်နိုင်ငံအောက်စဖို့ဒ် တက္ကသိုလ်ကျောင်းတက်ပြီး B.Litt ဘွဲ့ယူရန် ကျောင်းတက်စဉ်က ရေးဖွဲ့ခဲ့ခြင်း ဖြစ်လေသည်။

**ကဗျာများစတင်ရေးဖွဲ့**

ဆရာကြီး၏ ကဗျာ၊ စာများသည် ထူးခြားပြောင်မြောက်လှသည်။ ဆရာကြီး၏ တက္ကသိုလ်ပညာရေးကို ကြည့်လျှင် ၁၉၂၉ ခုနှစ် မတ်လတွင် ၁၀ တန်းစာမေးပွဲကို ပထဝီဝင်ဂုဏ်ထူးနှင့် အောင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ဥပစာအထက်တန်း စာမေးပွဲအောင်မြင်၍ မိုးရာသီထုတ်ကောလိပ်မဂ္ဂဇင်း (အမှတ်-၁) တွင်ကဗျာများ စတင်ဖော်ပြခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ပထမနှစ် (ဝိဇ္ဇာ) မြန်မာစာဂုဏ်ထူးအစမ်းစာမေးပွဲအောင်သည်။ မိဘများ၏ စီးပွားရေးကြောင့် ကွမ်းခြံကုန်းအမျိုးသားကျောင်းတွင် ကျောင်းအုပ်ဝင်လုပ်ခဲ့ရပြီး ထိုစဉ်ကစ၍ ကဗျာများ စတင်ရေးဖွဲ့ခဲ့ပြီး တက္ကသိုလ်ဖွင့်သည့်အခါ ပါမောက္ခဦးဖေမောင်တင်ပြန်ခေါ်၍ တက္ကသိုလ်ပြန်တက်ခဲ့သည်။ ၁၉၃၁ ခုနှစ် ဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမအဆင့်ဖြင့် အောင်မြင်သည်။

**စာပေဝိဇ္ဇာ ဘွဲ့ရ**

မြန်မာစာအချိန်ပိုင်းနည်းပြနှင့် ပဲခူးဆောင်တွင် အဆောင်နည်းပြလုပ်ကာ မဟာဝိဇ္ဇာတန်းကို အချိန်ပိုင်းတက်ခဲ့၍ ၁၉၃၃ ခုနှစ်တွင် မဟာဝိဇ္ဇာမြန်မာစာဂုဏ်ထူးတန်းကို ဒုတိယအဆင့်ဖြင့် အောင်မြင်သည်။ ၁၉၃၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာတော်သင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်မှ စာပေဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုဝေးလ်တက္ကသိုလ်၊ ၁၉၅၂ ခုနှစ်တွင် ဘာသာဗေဒပညာ ဆည်းပူးခဲ့သည်။

> ဆရာကြီး၏ စာကဗျာများကား ခေတ်သစ်၊ စနစ်သစ် ထူထောင်ရာတွင် တွန်းအားတစ်ရပ်အဖြစ်ရှိနေဆဲပင် ဖြစ်သည်။ ဆရာကြီးက ခေတ်တစ်ခေတ်ကို ထူထောင်ရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်စေလိုသည်။ မိမိတို့နှင့် ပတ်သက်နှီးနွှယ်ရာ အဝန်းအဝိုင်းတွင် ထဲထဲဝင်ဝင် ရှိစေလိုသည်။ အများသူငှာ ဖောက်ပြီးသားလမ်းပေါ်တွင် ကြော့ကြော့လေးလျှောက်သည်ကို မလိုချင် . . .

**အမျိုးသားရေး ကဗျာများစွာရေးခဲ့**

ဆရာကြီးသည် အသက် ၁၃ နှစ်သားမှစ၍ ကဗျာရေးခဲ့ပါသည်။ ပထမဆုံးကဗျာမှာ သပြေသီးကောက်ကဗျာ ဖြစ်ကာ ၁၉၃၁ ဇွန် ၁၁ ရက်တွင် စရေးခဲ့သည်။ ဆရာကြီးသည် ငယ်စဉ်ကပင် ဝေါဟာရလီနတ္ထဒီပနီ၊ ဝေါဟာရပကာသနီ၊ ဘာသာစုံအဘိဓာန်များကို နှစ်သက်စွဲလမ်းခဲ့သည်။ ၁၉၂၆ ခုနှစ် ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် “မိုးရာသီဘွဲ့” ကဗျာပထမဆုံးပုံနှိပ်ဖော်ပြခံခဲ့ရ၏။ နိုင်ငံခြားစာရေးဆရာများအဖြစ် ဆရာကြီးနှစ်သက်ခဲ့သည့် စာရေးဆရာများမှာ William Wordsworth, John Keats, Richard Jeffeief, John Colare တို့ဖြစ်ကြောင်းသိရသည်။ ဆရာကြီးနှင့် ခေတ်ပြိုင်စာရေးဆရာကြီးမှာ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ ဦးအေးမောင်၊ တက်တိုး၊ ဇဝန၊ သုခ၊ ဗိုလ်မှူး ဘသောင်း၊ မောင်ထင်၊ တိုက်စိုး၊ သခင်္ဂါ၊ သိန်းဖေမြင့်တို့ဖြစ်၏။

ဆရာကြီး၏ ထင်ရှားလှသည့် သပြေညိုကဗျာကို ၁၉၃၈ ဇန်နဝါရီ ၄ ရက်တွင်လည်းကောင်း၊ ပျဉ်းမငုတ်တိုကို ၁၉၃၉ ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ ဗြောသံကို ၁၉၃၄ ခုနှစ်တွင်လည်းကောင်းရေးခဲ့သည်။ ဆရာကြီးသည် သူ့ကျွန်ဘဝတွင် ကြီးပြင်းခဲ့ရသူပီပီ အမျိုးသားရေးကဗျာများစွာ ရေးခဲ့သည်။ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီး လေးစားချိန်ဖြစ်၍ ၁၉၂၇ ခုနှစ် ဒဂုန်မဂ္ဂဇင်းတွင် ဝံသာနုတရားဟောသည့် ကဗျာတစ်ပုဒ်ရေးခဲ့သည်။ ယင်းကဗျာမှာ မြန်မာမျိုးကွဲလေးချိုးကြီး “ပျိုလေးခင်” ဒဂုံတက္ကသိုလ်ကျောင်းသားပညာပေး “မောင်တို့ခင်” ကဗျာကိုလည်း ရေးခဲ့သည်။ တက္ကသိုလ်ကျောင်းသူများအတွက် “မယ်တို့တာ” ကဗျာရေးခဲ့သည်။ ထို့အတူ “သပြေညို” “ဗိုလ်အောင်ကျော်နတ်သံ” “သာခုသံ” စသည်တို့သည် ဆရာကြီးမင်းသုဝဏ်၏ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကဗျာများ ဖြစ်၏။

**တွန်းအားတစ်ရပ်အဖြစ်ရှိနေ**

ဆရာကြီးသည် ကလေးကဗျာမှစ၍ အကြောင်းရာစုံစာစုံရေးနိုင်စွမ်းသူဖြစ်၏။ တံငါသည်တစ်ဦး၏ စိတ်ဓာတ်နှင့် ကျင့်ဝတ်ကို ဖော်ပြသည့် “ဖိုးမောင်လာပြီ” ကဲ့သို့သောကဗျာပေါ်ထွက်လာသကဲ့သို့ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုအောက်တွင် ပေါ်ပေါက်လာတတ်သည့် လူတန်းစားတစ်ရပ်အကြောင်းကိုလည်း မကွယ်မဝှက် ရေးသား၍ ပွဲပြင်ဆုံးမခဲ့ဖူးသည်ပင် ကဗျာပါအကြောင်းအရာနှင့် ကဗျာဆရာ၏ စိတ်စေတနာတို့သည် ခေတ်အဆက်ဆက် ထင်ဟပ်ပေါ်လွင်နေသည်သာဖြစ်၏။ ယင်းကဗျာမှာ “ဝမ်းနည်းပါကြောင်း” ကဗျာဖြစ်၏။

**ဝမ်းနည်းပါကြောင်း**

➢ လမ်းဖောက်တော့ သူမပါ
လမ်းပြင်ရာ သူမရောက်။
ဖြောင့်ဖြူးစွာ လမ်းပြေချောတော့
ကျော့ကျော့လေးလျှောက်။

➢ ကန်တူးရာ သူမပါ
ကန်ပြင်ရာ သူမရောက်
မြကန်သာရေကြည်သန့်မှ
ခန့်ခန့်လေးသောက်။

➢ ပန်းစိုက်ရာ သူမပါ
ပေါင်းသင်ရာ သူမရှိ၊
ပန်းပေါင်းစုံသင်းကြူမွှေးတော့
ရွေးပန်ချင်၏။

➢ ရပ်ရွာရေးဆွေးနွေးရာ
ဖယ်ရှောင်ခွာ သူမရော၊
သူထင်ရာမြင်အတွေးနဲ့
ဘေးထိုင်ဘုပြော။

➢ လူ့ဘဝခဏတာ
မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့
လူပီစွာ ကိုယ့်အမျိုးတွက်
ကြိုးလိုက်စမ်းပါ။
သိလျက်နဲ့ သွေရှောင်ခွာ
ဝေဖန်ကာ အမြင်စောင်း
မူမမှန်တစ်ယူသန်အတွေးတွေနဲ့
ကလေးလိုအရေးဆိုကြမ်းတော့
ဝမ်းနည်းပါကြောင်း . . .။ ။

**(မင်းသုဝဏ်)**

ဆရာကြီးမင်းသုဝဏ်၏ မွေးနေ့သက်တမ်းပင် ၁၀၉ နှစ်ပြည့်ခဲ့ပေပြီ။ ဆရာကြီးကွယ်လွန်သွားသော်လည်း ဆရာကြီး၏ စာကဗျာများကား ခေတ်သစ်၊ စနစ်သစ် ထူထောင်ရာတွင် တွန်းအားတစ်ရပ်အဖြစ်ရှိနေဆဲပင် ဖြစ်သည်။ ဆရာကြီးက ခေတ်တစ်ခေတ်ကို ထူထောင်ရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်စေလိုသည်။ မိမိတို့နှင့် ပတ်သက်နှီးနွှယ်ရာ အဝန်းအဝိုင်းတွင် ထဲထဲဝင်ဝင်ရှိစေလိုသည်။ အများသူငှာ ဖောက်ပြီးသားလမ်းပေါ်တွင် ကြော့ကြော့လေးလျှောက်သည်ကို မလိုချင်။ သို့ဖြစ်၍ လမ်းဖောက်ရာတွင် ပါဝင်စေချင်သလို ကန်တူးရာတွင်လည်းပါပါ။ ပန်းစိုက်ရာလည်းပါပါ။ ရပ်ရေးရွာရေး ဆွေးနွေးတိုင်ပင်ကြရာတွင်လည်း ပါပါ။ ညှိနှိုင်းတိုင်ပင်ခြင်းသည် အောင်မြင်ခြင်း၏ အစဖြစ်ပါသည်။

**မိမိနိုင်ငံ မိမိလူမျိုးအတွက် ကြိုးပမ်းစေလို**

ထို့ကြောင့် ဆရာကြီး၏ စေတနာမှာ လူ့ဘဝဆိုသည်မှာ ရခဲလှသကဲ့သို့ ရလာခဏတစ်ဘဝတွင် မိမိနိုင်ငံ မိမိလူမျိုးအတွက် ကြိုးပမ်းကြစေလိုသည်။ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အမြင်ကြည်လင်စေချင်သည်။ အတ္တကို ရှေ့တန်းတင်သည့် တစ်ယူသန်အတွေးများကို ဖယ်ရှားစေလိုသည်။ ဝေဖန်အပြစ်တင်မှုကို ရှေ့တန်းတင်၍ အမြင်စောင်းနေကြလျှင် ငြိမ်းအေးမှုမရနိုင်။ ကလေးများကဲ့သို့ မိမိတို့ဖြစ်စေချင်သည့် လိုချင်တပ်မက်သည့်အရာကို ငိုကြွေးကာ မရမက တောင်းဆိုနေကြမည်ဆိုလျှင် ဝမ်းနည်းစရာမှအပ ဖြစ်လာနိုင်ဖွယ်မရှိကြောင်း မီးမောင်းထိုးပြသခဲ့လေသည်။ ဆရာကြီးမင်းသုဝဏ်သည် ၂၀၀၄ ခုနှစ် ဩဂုတ် ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၁း၀၀ နာရီတွင် ကမာရွတ် သပြေညိုနေအိမ်တွင် ကွယ်လွန်ခဲ့သည်။ ။

**Ref: Internet/online**

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှု စစ်ဆေး

**လပွတ္တာ ဖေဖော်ဝါရီ ၂၁**

လပွတ္တာမြို့နယ် မောင်းဒီးကျေးရွာ အုပ်စု မောင်းဒီးကျေးရွာတွင် ၂၀၁၇- ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀နှင့် ကျေးရွာပြည်သူလူထုတို့ ပူးပေါင်း၍ စာသင်ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ခွင့်ရရှိခဲ့သည်။

စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှု အခြေအနေကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးစီးအဖွဲ့ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းသုံး ပစ္စည်းများ သိုလှောင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အရည်အသွေး ပြည့်မီစေရေးအလေး ထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

## ရှားတောကျေးရွာနေ ပြည်သူများအတွက် ဝင်ငွေတိုးတက်ရရှိရေး ချေးငွေများထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေး စသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီး ဆောင်ရွက်ရမည့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း ကျေးရွာအုပ်စု တဲကြီးကုန်း ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် စတင်၍ဆောင်ရွက်ပေးလျက်ရှိသည်။

ရှားတောကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများ ဝင်ငွေတိုးတက် ရရှိရေး အလေးထား၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့အဆင်ပြေစေနိုင်ရန်အတွက် ချေးငွေကျပ်သိန်း ၅၀၀ ကျော်ကို ဖေဖော်ဝါရီ ၂၀ရက်တွင် တစ်ဦးချင်းနှင့် အစုလိုက် အသီးသီးငွေထုတ်ချေးပေးသည်။

“စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် တစ်ဧကကို တစ်သိန်းနှုန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လေးသိန်းနှင့် ငါးသိန်းနှုန်း၊ အစုလိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် တစ်စုကို ကျပ် ၁၅ သိန်းမှ သိန်း ၃၀ အထိ ထုတ်ချေးပေးသွားမှာပါ” ဟု ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောပြသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၂၇၀ ကျော် ချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး တွင် ၄၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးတွင် ၁၀ ရာခိုင်နှုန်း အသီးသီးခွဲဝေ အသုံးပြုနိုင်ကြောင်း သိရသည်။

**သန့်မောင်**




## အမျိုးသားတံခွန်စိုက် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၆၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသား၊ အမျိုးသမီး ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြေး ပြိုင်ပွဲ၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက် မီတာ ၁၀၀×၄ လက်ဆင့်ကမ်းပြိုင်ပွဲတို့ကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြအုပ်ချုပ်သူများ လာရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ (၆၃) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၃ ရက် အထိ ပြိုင်ပွဲများကို နံနက် ၇ နာရီမှစတင်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

## မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် တောဓလေ့အသွင် သင်္ကြန်ညဈေးပွဲတော် ထည့်သွင်းကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

ယခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ်၌ တောဓလေ့အသွင် သင်္ကြန်ညဈေးပွဲတော်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

အဆိုပါ သင်္ကြန်ညဈေးပွဲတော်ကို သင်္ကြန်ကာလအတွင်း မန္တလေးမြို့သို့ လာရောက်ကြသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ အပန်းဖြေရင်း ပျော်ရွှင်ကြည်နူးမှုရရှိစေရန်နှင့် မြန်မာ့မူဓလေ့များကို လေ့လာနိုင်စေရန် ရည်ရွယ်၍ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

"နိုင်ငံခြားသားတွေက နေ့ခင်းဘက်မှာ သင်္ကြန်လည်ရတာပျော်ကြပေမယ့် ညပိုင်းမှာ သူတို့အတွက် လည်ပတ်စရာနေရာမရှိဘူး၊ ဒါကြောင့် သင်္ကြန်ညဈေးဆိုတာကို ဖန်တီးလိုက်တာပါ၊ ခရီးသွားလုပ်ငန်းတွေကလည်း နိုင်ငံခြားသားတွေ မန္တလေးမြို့ရဲ့ အလှအပနဲ့ တောဓလေ့ရိုးရာလေးတွေကိုကြည့်ရှုခံစားနိုင်အောင် ဒီအစီအစဉ်ကို အကြံပြုတောင်းဆိုလာပါတယ်၊ မန္တလေးမြို့သူ၊ မြို့သားတွေ အနားယူအပန်းဖြေဖို့နဲ့ တခြားမြို့နယ်တွေက သင်္ကြန်ကို လာရောက်လည်ပတ်သူတွေအတွက်လည်း လည်ပတ်ရကျိုးနပ်အောင် ဆောင်ရွက်ပေးတာပါ" ဟု ၎င်းက ပြောသည်။

ယခုနှစ် ကျင်းပမည့် သင်္ကြန်ညဈေးပွဲတော်တွင် မြန်မာ့ရိုးရာအစားအစာရောင်းချသည့် ဆိုင်တန်း၊ ရုပ်သေးဖြင့် ကပြဖျော်ဖြေမည့် အစီအစဉ်များ၊ ရုပ်ရှင်ပိတ်ကားဖြင့် ယခင်မန္တလေးအငွေ့အသက်ပါသည့် ရုပ်ရှင်ကားဟောင်းများကို ပြသခြင်းတို့ပါဝင်မည်ဖြစ်ပြီး အလှပြကားများနှင့် အလှပြမဏ္ဍပ်များဖြင့် ဖျော်ဖြေတင်ဆက်လိုပါကလည်း ကြိုဆိုအားပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## လျှင်ဘေးအန္တရာယ်ဆိုင်ရာဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုပြုလုပ်

**မြင်းခြံ ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်ခြင်းများ ရှိသော်လည်း လူနေအိမ်၊ အဆောက်အအုံများ ပျက်စီးသည်အထိ လှုပ်ခတ်ခြင်းများ ဖြစ်ပေါ်မှုနည်း၍ ထိုသို့ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ ပြည်သူများ သိရှိစေရန်ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ်ရှိ ဟောပြောပွဲခန်းမ၌ ငလျင်ဘေးအန္တရာယ်အကြောင်း ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မြင်းခြံ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးအေးမင်းသူက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အကြောင်းများ၊ ငလျင်ဘေးအန္တရာယ် ကျရောက်ပါက ဆောင်ရွက်ရမည့် နည်းလမ်းများကို Projector ဖြင့်ပြသခြင်း၊ ငလျင်လှုပ်ချိန်တွင် တုံ့ပြန်ရမည့် အစီအစဉ်များကို လက်တွေ့သရုပ်ပြခြင်းတို့ဖြင့် ရှင်းလင်းဟောပြောခဲ့ သည်။

ထို့နောက် ငလျင် ဘေးအန္တရာယ်အတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြရာ ငလျင်ဘေးအန္တရာယ်မှ လတ်တလော လွတ်မြောက်ရန် (ဝပ်၊ ကာ၊ ထိုင်) အနေအထားများ လက်တွေ့လေ့ကျင့်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် ဘေးသင့်သည့်လူနာများကို ရှာဖွေခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ရှေးဦးသူနာပြုနည်းဖြင့် ကုသခြင်းများကို မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများပါဝင်၍ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြင်းခြံ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## စာရာမေရိတောင်တစ်ဝိုက်ရှိသစ်တောများကို သဘာဝအတိုင်းတည်ရှိစေရေး ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် ကွင်းဆင်းလေ့လာ

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း စာရာမေရိတောင် တစ်ဝိုက်ရှိ သဘာဝပေါက်ရောက်လျက်ရှိသော သစ်တောကြီးများကို တခြား အသုံးချမှု မဖြစ်စေရန်၊ ထိန်းသိမ်းနိုင်ရေး ပထမအဆင့်အနေဖြင့် ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ဇန်နဝါရီ နောက်ဆုံးပတ်အတွင်းက ကွင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီဒေသမှာ သဘာဝအတိုင်း ပေါက်ရောက်နေတဲ့သစ်တောတွေကို တခြားအသုံးချမှု မဖြစ်အောင်လို့၊ ဒီတောကြီးကို ထိန်းသိမ်းနိုင်အောင်လို့ နိုင်ငံတော်က ကြိုးပြင်ကာကွယ်တောဆိုတဲ့ အဆင့်ဖွဲ့ဖို့ရည်ရွယ်တာပါ၊ ကြိုးပြင်ကာကွယ်တောဖွဲ့တယ်ဆိုတာကလည်း သစ်တောနယ်မြေသတ်မှတ်တာ နည်းလမ်းသုံးနည်းရှိပါတယ်၊ ပထမနည်းလမ်းက အမျိုးသားဥယျာဉ်တို့လို သဘာဝတည်ရှိတဲ့အတိုင်းရှိနေတဲ့ နယ်မြေတွေကိုသဘာဝနယ်မြေသတ်မှတ်တာပါ၊ ဒုတိယ နည်းလမ်းက တော့ကြိုးဝိုင်း၊ တတိယနည်းလမ်းကကြိုးပြင်ကာကွယ်တော၊ နိုင်ငံတော်က ကြိုးပြင်ကာကွယ်တောဖွဲ့လိုက်တာကဒီအတိုင်း ဖွဲ့လိုက်တာမဟုတ်ဘူး၊ ဒေသခံတွေရဲ့ လုပ်ပိုင်ခွင့်တွေ၊ ပိုင်ဆိုင်ခွင့်တွေ၊ ရိုးရာဓလေ့တွေပိုင်ဆိုင်ခွင့်တွေ အားလုံးချန်လှပ်ပြီးတော့မှ ကျန်တဲ့တောတွေကို ကျွန်တော်တို့က အစိုးရအစီအစဉ်နဲ့ ဝိုင်းဝန်းထိန်းသိမ်းမယ်၊ အဲဒီကမှတစ်ဆင့် နောက်ပိုင်းမှာ ဒေသခံတွေနဲ့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးအတွက် သဘာဝ တောတွေ ရေရှည်တည်တံ့ရေးအတွက် ကျွန်တော်တို့က အမျိုးသားဥယျာဉ်အဆင့်ကို နောက်ဆုံးရည်မှန်းချက်ထဲမှာ ရှိပါတယ်။ ဒေသခံအချို့က သူတို့ဒေသကို လာလိုက်လို့ရှိရင် သူတို့ယဉ်ကျေးမှုတွေ၊ လုပ်ပိုင်ခွင့်တွေထိခိုက်ဆုံးရှုံးကုန်မယ်၊ သဘာဝနယ်မြေဖြစ်တယ်ဆိုရင်လည်း သူတို့ရဲ့ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုတွေဖြစ်တဲ့ ကျား၊ ဆင်စွယ်တွေအသုံးပြုတာတွေကို ကန့်သတ်လာမယ်လို့ ထင်တာပေါ့။ ကျွန်တော်တို့ ရည်ရွယ်ချက်မှာ အဲဒါတွေမပါဘူး၊ လက်ရှိဥပဒေအရဆိုရင်တော့ အဲဒီလိုလုပ်ရင်တော့ အပြစ်ရှိတာပေါ့။ အခုဥပဒေအသစ်ကပြင်ဆင်နေပြီ အသုံးပြုဖို့အတွက် ခွင့်ပြုပေးဖို့ ပြည်ထောင်စုလွှတ်တော်မှာ ထည့်သွင်းဆွေးနွေးနေတယ်၊ ရိုးရာဓလေ့အရ ဝတ်ဆင်ခွင့်ကိုတော့ တရားဝင်ခွင့်ပြုပေးပြီးတော့ ရောင်းချခွင့်တော့မရပါဘူး၊ နောက်တစ်ခုက ဒီဇရိယာကြီးကို သူတို့ကိုယ်တိုင် စီမံအုပ်ချုပ်ချင်တာ၊ နိုင်ငံတော်ကလည်း သူတို့ ကိုယ်တိုင်စီမံအုပ်ချုပ်နိုင်တဲ့ ဥပဒေကို မကြာခင်မှာ လွှတ်တော်က ပြဋ္ဌာန်းပေးနိုင်ဖို့ လုပ်နေကြပါပြီ၊ ဒေသခံအစုအဖွဲ့ပိုင် သဘာဝနယ်မြေအဖြစ် ဒေသခံတွေကပဲ သူတို့သဘာဝနယ်မြေကို သူတို့ကိုယ်တိုင် အုပ်ချုပ်ခွင့်ကိုပေးမှာပါ၊ ဒေသခံပြည်သူတွေရဲ့ဆန္ဒနဲ့ ညီညွတ်တဲ့ ညှိနှိုင်းမှုရရှိတဲ့ အချိန်မှသာ ဆောင်ရွက်မှာပါ၊ သူတို့နဲ့ အချိန်ယူပြီး ညှိနှိုင်းလုပ်ဆောင်သွားမှာပါ၊ အဲဒီမှာက သစ်တောအခြေအနေကတော့ ကောင်းပါတယ်၊ တောင်ယာကွက်တွေတော့ရှိတယ်၊ တောင်ယာစိုက်ပျိုးတဲ့စနစ်ရှိတယ်၊ ဒါပေမယ့် နေထိုင်တဲ့ လူဦးရေ နည်းပါးတဲ့အတွက်ကြောင့် အများကြီးပျက်စီးသွားတာတော့ မရှိသေးဘူး၊ အခုထက် လူဦးရေတိုးပွားလာမယ်ဆိုရင်တော့ တောင်ယာစနစ်နဲ့ တောတွေက ပျက်စီးကုန်မှာပါ၊ ကျွန်တော်တို့ လေ့လာရေးအဖွဲ့က အမြင့်ပေ ၁၈၀၀ အထိ တက်ရောက်လေ့လာတဲ့အခါမှာ အောက်ပိုင်းဒေသမှာ ရှိတဲ့ တောမျိုးတွေပါပဲ၊ တောင်အနိမ့်အမြင့် အလိုက် ထင်းရှူးတောတွေရှိတယ်၊ အမြဲစိမ်းတောတွေရှိတယ်၊ အထက်ရွက်ပြတ် ရောနှောတောတွေရှိတယ်၊ နိမ့်တဲ့တောင်တွေမှာ ပေါက်တဲ့ တန်ဖိုးရှိသစ်တောအချို့ကလွဲလို့ တောအတော်များများမှာတော့ အဖိုးတန်တဲ့ သစ်အမျိုးအစားတွေတော့မတွေ့ရဘူး" ဟု ကွင်းဆင်းလေ့လာ ရေးအဖွဲ့ခေါင်းဆောင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ကွင်းဆင်း လေ့လာရေးအဖွဲ့သည် စာရာမေရိတောင်ရဲ့ အခြေကအမြင့်ပေ ၁၈၀၀ အထိ တက်ရောက် လေ့လာမှုအရ အောက်ပိုင်း ဒေသများတွင် အများဆုံးတွေ့ရသည့် သစ်တောမျိုးအများဆုံးတွေ့ကြောင်း၊ တောင်အနိမ့်အမြင့်အလိုက် ထင်းရှူးတောများ၊ အမြဲစိမ်းတောများ၊ အထက်ရွက်ပြတ်ရော နှောတောတွေ့ရကြောင်း၊ အချို့ အနိမ့်ပိုင်း တောင်များတွင် အဖိုးတန်သစ်တော အနည်းငယ်သာတွေ့ရှိပြီး တောအတော်များများတွင် အဖိုးတန် သစ်များပေါက် ရောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၏ ပြောကြားချက်များအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မကွေးတိုင်းဒေသကြီး၌ နှမ်းစပါးကောကြောက်သောင်းကျော်စိုက်ပျိုးမည်

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်ငါးခု၌ ရေရရှိနိုင်မှုနည်းလမ်းများအလိုက် နွေစပါး ၆၁၄၇၇ ဧက စိုက်ပျိုးနိုင်ရန် ဒေသလျာထားချက်သတ်မှတ်ထားပြီး ဂန့်ဂေါခရိုင်တွင် ၁၉၇၁ ဧက၊ ပခုက္ကူခရိုင်တွင် ၅၂၇၈ ဧက၊ မကွေးခရိုင်တွင် ၁၅၇၃၄ ဧက၊ မင်းဘူးခရိုင်တွင် ၃၁၈၇၇ ဧက၊ သရက်ခရိုင်တွင်(၆၆၁၇)ဧက စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးကွဲများအလိုက် နွေစပါးစိုက်ပျိုးရန်လျာထားမှုမှာ ပုလဲသွယ် ၈၃၃ ဧက၊ ဗီယက်နမ် ၅၀ ဧက၊ သီးထပ်ရင် ၈၀၄ ဧက၊ ရွှေပြည်ဒေး ၁၃၃၇ ဧက၊ ရတနာတိုး ၃၇၅၁၃ ဧက၊ ပခန်းရွှေဝါ ၂၂၅၁ ဧက၊ ရက်ကိုးဆယ် ၄၅၅ ဧက၊ ရွှေသွယ်ရင် ၂၄၅ ဧက၊ ရွှေနံ့သာပေါ်ဆန်းသုံးဧက၊ ရွှေမနော် ၃၅၂ ဧက၊ မနောသုခ ၁၅၁၅၅ ဧက၊ ဆင်းသုခ ၂၄၇၉ ဧကတို့ဖြစ်ကြောင်း ဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

"ဖေဖော်ဝါရီ ဒုတိယပတ်ထဲမှာ ရေပေးနိုင်ဖို့ ဆည်မြောင်းဦးစီးဌာနနဲ့ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်၊ မြေပြင်တာ၊ ပျိုးထောင်တာ၊ တိုက်ရိုက်အစေ့ချတာ ဒီစနစ်တွေနဲ့ စိုက်သွားဖို့ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်၊ အရင်တုန်းကလို စီမံချက်အရ စပါးကို တောင်သူတွေ ဧကဘယ်လောက်စိုက်ရမယ်ဆိုတဲ့ ပုံစံမျိုးမဟုတ်တော့ဘူး၊ တောင်သူစိတ်ကြိုက် ဝင်ငွေရသီးနှံကို ရွေးချယ်စိုက်ပျိုးခွင့်တွေရှိနေပါပြီ၊ ဒေသလျာထားချက်ကိုပဲ ဦးတည်ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ရေလိုအပ်မှုမှာလည်း ပြဿနာမရှိပါဘူး" ဟု မကွေးတိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းက ဆိုသည်။

တစ်တိုင်းလုံးလျာထားဆောင်ရွက်မှုအရ နွေစပါး စိုက်ပျိုးရေရရှိနိုင်မှုနည်းလမ်းများမှာ အစိုးရဆည်ကန်များမှ ၄၈၈၀၉ ဧက၊ လျှပ်စစ်ရေတင်မှ ၄၇၇၂ ဧက ၊ ဆည်၊ ကန်ငယ်များမှ ၄၃၅၈ ဧက၊ ရေစုပ်စက်နည်းလမ်းဖြင့် ၅၄၆ ဧက၊ မြေအောက်ရေမှ ၂၁၈၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

ဒေသတွင်း ရာသီဥတုအရ ဆည်ရေဝင်မှုပမာဏ ကောင်းမွန်ခဲ့ပြီး နွေစပါးကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်သော်လည်း တောင်သူ့စိတ်ကြိုက် သီးနှံရွေးချယ်ခွင့်ရှိနေကြောင်း၊ ရေမြေကောင်းသည့်နေရာများကို ရွေးချယ်စိုက်ပျိုးခဲ့သည့်အတွက် ယခင်နှစ်စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ ၉၇ တင်းရခဲ့ကာ ယခုနှစ်အတွက် တင်း ၁၀၀ ရရှိရေး မျှော်မှန်းဆောင်ရွက်နေကြောင်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။ **ဧယျာတု(မကွေး)**

# စွန့်လွှတ်မြေများအား တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၂၁**

အမှတ်(၁) ခဲယမ်းမီးကျောက်တပ်ရင်းမှပြန်လည်စွန့်လွှတ်ပေးသည့် စွန့်လွှတ်မြေများ နိုင်ငံတော်သို့ ပြန်လည်အပ်နှံလာမှုအား တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ်(၆)ရပ်ကွက် ရွှေစာဝင်းခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြေပိုင်ရှင်အစစ်အမှန်သည် နိုင်ငံတော်သာဖြစ်ကြောင်း၊ အစိုးရဌာနများနှင့် ပြည်သူများသည် နိုင်ငံတော်မှ မြေယာများအား ငှားရမ်းအသုံးပြုနေခြင်းသာဖြစ်ကြောင်း၊ ယခုလို ပြန်လည်ပေးအပ်သည့် မြေယာများအား အကျိုးရှိရှိ အသုံးချသွားရန် လိုအပ်ကြောင်း၊ တောင်သူများ အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် နိုင်ငံတော်မှ ပြန်လည်အငှားချထားပေးခြင်းကိုလည်း နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းသိန်းက စွန့်လွှတ်မြေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းသိန်းတို့က စွန့်လွှတ်မြေများအား မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်ပေးအပ်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသီဟက တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁)အား ပေးအပ်ခဲ့ကာ တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စွန့်လွှတ်မြေများသည် ပဲခူးမြို့နယ် အင်းတကော်မြို့၊ အမှတ်(၆) ရပ်ကွက်အတွင်းရှိ အမှတ်(၁) ခဲယမ်းမီးကျောက်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာ ဧက ၉၉၀ အတွင်းမှ ဒုတိယအကြိမ်မြောက်လယ်မြေ ၁၂၄ ဒသမ ၈၈ ဧကအား တောင်သူ ၂၅ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်ကလည်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တောင်သူ ၆၄ ဦးအား ပထမအကြိမ်အဖြစ် ၃၂၅ ဒသမ ၉၂ ဧကအား ယာယီပုံစံ (၃) ဖြင့် ပြန်လည်စွန့်လွှတ် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲနှင့်လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကျင်းပ



**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ငလျင်ကော်မတီနှင့် UN-Habitat တို့ ပူးပေါင်း၍ အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၉၂) ရပ်ကွက် (စစ်တောင်း) ဘောလုံးကွင်းတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပေးဟောပြောခြင်းနှင့် လက်တွေ့သဏ္ဍာန်တူ သရုပ်ပြခြင်း၊ အရေးပေါ်ကာကွယ်ကုသခြင်းတို့ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေက နိုင်ငံတကာ သဘာဝဘေးအန္တရာယ်များနှင့် မြန်မာနိုင်ငံ ငလျင်နှင့်ပတ်သက်သည်များကို ရှင်းလင်းဟောပြောသည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီ နာယက ဆရာမကြီးဒေါ်လှလှအောင်က ငလျင်မဖြစ်ပေါ်ခင် ခိုလှုံရာနေရာများ ကြည့်ရှုထားခြင်းနှင့် မိသားစုအလိုက် ဆက်သွယ်လှုပ်ရှား ငလျင်အခြေအနေနှင့်အညီ ကြိုတင်လေ့ကျင့်ထားရန်အတွက် ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

UN-Habitat တာဝန်ရှိသူတစ်ဦးမှ ငလျင် ရစ်ချ်တာစကေး အလိုက် လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။ သရုပ်ပြပွဲတွင် မြို့နယ် ကျန်းမာရေးမှူး ဒေါက်တာအေးမူယာကျော်နှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဇော်မျိုးထိုက်နှင့် အဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များမှ လူနာတင်ယာဉ်များနှင့် သရုပ်ပြ ပရဟိတအဖွဲ့များမှ ငလျင်ဘေးဖြစ်စဉ်တွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်မှုတို့အား သဏ္ဍာန်တူ သရုပ်ပြဖော်ကျူးပြသခဲ့ကြသည်။ မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာဟောပြောပွဲနှင့် သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာခဲ့သည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရထားရဲတပ်ဖွဲ့အမှတ် (၁၃) တပ်ဖွဲ့မှူးရုံး တပ်စု (၂) မလွှကုန်းတပ်စုဝင်းအတွင်း ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှမြင့်နှင့် တပ်ဖွဲ့ဝင်ငါးဦးမှ မီးသတ်ယာဉ်တစ်စီးဖြင့် တပ်ဖွဲ့စုမှူးရဲအုပ်အောင်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်ခုနစ်ဦး၊ မိသားစုဝင် ၁၀ ဦးတို့အား အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နည်းများအား သရုပ်ပြပညာပေးနေစဉ်။ ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

# ကျေးလက်လမ်းကွန်ရက်များ အစဉ်ကောင်းမွန်စေရန် ထိန်းသိမ်းဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြို့ပြဒေသစည်ပင် ဖွံ့ဖြိုးရေး၊ အိုးအိမ်ဒေသ တည်ထောင်စီမံခန့်ခွဲရေးလုပ်ငန်းများအပြင် ကျေးလက်လမ်း ကွန်ရက်များ အစဉ်ကောင်းမွန် စေရန်၊ လမ်းကြောင်းအဆက်အသွယ်များ မပြတ်တောက်စေရန် အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ပြုလုပ်သော ကျေးလက်လမ်း တံတားတည်ဆောက်ခြင်းသင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနား၌ ပြောကြားသည်။

“သင်တန်းသူ၊ သင်တန်းသားတွေအနေနဲ့ ကိုယ်တိုင်စိတ်ဝင်တစား အောက်ခြေအထိ ကြိုးကြပ်ဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းအတွေ့အကြုံများ ပိုမိုရရှိလာမှာဖြစ်ပါတယ်၊ အဲဒီအတွေ့အကြုံများမှတစ်ဆင့် မိမိတို့တာဝန်ယူရတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို သင်တန်းကပို့ချပေးလိုက်တဲ့ နည်းပညာရပ်တွေနဲ့ ပေါင်းစပ်ပြီး လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ကြပါ၊ ပြောင်းလဲတိုးတက်နေတဲ့ ခေတ်စနစ်နဲ့အညီ အသိပညာအတတ်ပညာများ တိုးတက်အောင် လေ့လာဆည်းပူးသင်ယူကြပါ၊ အတွေ့အကြုံဗဟုသုတ ကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည်ရှိမှုနဲ့စိတ်နေသဘောထားဆိုတဲ့ (Knowledge, Skills and Attitude) သုံးမျိုးစလုံး ပြည့်စုံနေဖို့ ကြိုးစားသွားကြပါ” ဟု ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းပြောကြားသည်။

သင်တန်း အမှတ်စဉ် (၁)ကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ စာတွေ့ လက်တွေ့သင်ကြားပို့ချခဲ့သည်။

အင်ဂျင်နီယာဘာသာရပ်များအပြင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ လုပ်ထုံးလုပ်နည်းဥပဒေများ အပါအဝင် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အတွင်း အရည်အချင်းနှင့် စွမ်းရည်များအား မြှင့်တင်ဆောင်ရွက်ရန်၊ လမ်းအရည်အသွေးစမ်းသပ်တိုင်းတာကွပ်ကဲခြင်းလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်၊ ကျေးလက်လမ်းများ စံချိန်စံညွှန်းကိုက်ညီစေရန်စသည့် ရည်ရွယ်ချက်များဖြင့် သင်ကြားခဲ့သည်။ **အေးမင်းသူ**

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှု အင်းစိန်–တညင်းကုန်းလမ်းပိုင်းတွင် စတင်၊ ရထားပြေးဆွဲချိန်များ ပြောင်းလဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စတင်လိုက်ပြီဖြစ်ပြီး ရန်ကုန်မြို့ (အနောက်ခြမ်း)၏ အပိုင်း (၁) စီမံကိန်းအနေဖြင့် အင်းစိန်-တညင်းကုန်းလမ်းပိုင်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ကာ ရန်ကုန်ဘူတာကြီးမှ မြို့ပတ်ရထားပြေးဆွဲချိန်များ ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် နံနက်က ရန်ကုန်မြို့ရှိမြန်မာ့မီးရထား (အောက်မြန်မာပြည်) ရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့ပတ်ရထားလမ်း(အနောက်ခြမ်း)၏ စီမံကိန်းအဆင့်(၁) အနေဖြင့် အင်းစိန်-တညင်းကုန်းလမ်းပိုင်း ၃ ဒသမ ၇၅ မိုင်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်သဖြင့် ယခင်ဒွေးလမ်းဖြင့် အစုန်အဆန် ပြေးဆွဲပေးနေရာမှ ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်ကာ တစ်လမ်းတည်းဖြင့်ပြေးဆွဲပေးမည်ဖြစ်သော်လည်း မူလပြေးဆွဲနေသည့် ရုံးတက်ရုံးဆင်းချိန် ရထားပြေးဆွဲပေးနေမှုများကို ထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

“ခရီးသွားတွေ ဘေးအန္တရာယ်ကင်းစေဖို့နဲ့ သွားလာရေး အဆင်ပြေစေဖို့ အင်းစိန်နဲ့ တညင်းကုန်းကြား ဖော့ကန်ဘူတာမှာ ဘူတာတစ်ခုဖွင့်လှစ်ပြီး ၂၄ နာရီ ထိန်းချုပ်ရေးတာဝန်ချထားပါတယ်၊ ထိန်းချုပ်ခန်းထားရှိပြီး ရထားသွားလာမှု အဆင်ပြေဘေးကင်းအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ အရင်က ရုံးတက်ရုံးဆင်းချိန်မှာ အသွား ခုနစ်စင်းရှိတယ်၊ အဲဒါကို မထိခိုက်စေဘဲ ပြေးဆွဲပေးမှာဖြစ်သလို အပြန်ကိုလည်း အရင်က ခုနစ်စင်းကနေ ရှစ်စင်း ပြန်ပြေးပေးပါမယ်၊ အရင်က နှစ်လမ်း သွားနေတာကနေ တစ်လမ်းနဲ့ သွားမှာဖြစ်တဲ့အတွက် ရထားလမ်းတစ်လျှောက် လမ်းလျှောက်ရာမှာ အန္တရာယ်ကင်းစေဖို့ လိုပါတယ်၊ နောက်ပြီး ကွန်ပျူတာတက္ကသိုလ်-ဘူတာကြီး ရထားကတော့ ယာယီရပ်နားမှာဖြစ်ပါတယ်။ ဒါကိုလည်း တက္ကသိုလ်ပါမောက္ခချုပ်တွေ၊ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီးတော့ YBS 78 နဲ့ တက္ကသိုလ်ကနေ ဘူတာကြီး ချိတ်ဆက်ပြေးဆွဲပေးဖို့ ဆောင်ရွက်ထားပါတယ်၊ ကျောင်းသား၊ ကျောင်းသူတွေ အဆင်ပြေစေဖို့ကို ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်” ဟု မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုး(သွားလာရေး)က ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါ လမ်းပိုင်း၏ အတွင်းသံလမ်း (လက်ဝဲရစ်) ကို စတင်အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး စီမံကိန်းကာလကို ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ပြီးစီးရန် လျာထားသည်။ ယင်းစီမံကိန်း ပြီးစီးပါက စီမံကိန်းအပိုင်း (၂) အနေဖြင့် အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်းကို အဆင့်မြှင့်တင်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် အပိုင်း(၃) အနေဖြင့် ကြည့်မြင်တိုင် - ရန်ကုန်(ဘုရားလမ်း) ဘူတာအထိ လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ ယင်းစီမံကိန်း ပြီးစီးမည့်ကာလကို ၂၀၁၉ ခုနှစ် မတ် ၃၁ တွင် လျာထားကြောင်း သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု (အနောက်ခြမ်း) အပြင် (အရှေ့ခြမ်း) စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက မြို့ပတ်ရထား ပြေးဆွဲမှု ကြာမြင့်ချိန်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများအရ ရထားပြေးဆွဲချိန် အနည်းငယ် အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ယင်းအပေါ် ဘူတာများတွင် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်း၍ အသိပညာပေးဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရေး ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။



ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းသည် ၄၆ ကီလိုမီတာ ရှည်လျားပြီး မြို့ပတ်ဘူတာစဉ် ၃၈ ဘူတာရှိကာ မြို့ပတ်ရထား ခရီးစဉ် မြို့တစ်ပတ် ပြေးဆွဲမှုကြာမြင့်ချိန်သည် မိနစ် ၁၇၀ ခန့် ရှိကြောင်း သိရသည်။ မြို့ပတ်ရထားမြန်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုနှင့်အတူ လာမည့် ၂၀၂၂ ခုနှစ်တွင် တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေပြီး မြို့တစ်ပတ် ကြာမြင့်ချိန်ကို မိနစ် ၁၁၀ ခန့်သာ ကြာမြင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝဝဝ**

# ရေအတွက် သဘာဝပတ်ဝန်းကျင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၂၂ ရက်တွင် ကမ္ဘာ့ရေနေ့ အခမ်းအနားကျင်းပသွားရန်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွက် ဆောင်ပုဒ်သည် "Nature for Water" "ရေအတွက် သဘာဝပတ်ဝန်းကျင်" ဖြစ်သည်။

**ရည်ရွယ်ချက်**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အရေးပါမှုအပေါ် အလေးထားနိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေကို ရေရှည်ထိန်းသိမ်းထားနိုင်ရေး၊ ကမ္ဘာတစ်ဝန်းရှိပြည်သူများအား ရေနှင့် ဆက်စပ်သော ပြဿနာများကိုပိုမိုသိရှိနိုင်ရေး၊ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရေနှင့်ပတ်သက်သော ဗဟုသုတများအား မျှဝေသွားနိုင်ရေးတို့အတွက် ကမ္ဘာ့ရေနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

**နွေရာသီနှင့်ရေရှားပါးမှု**

"ရေအသက်တစ်နံနက် ထမင်းအသက်ခုနစ်ရက်၊ ရေငတ်တုန်း ရေတွင်းထဲကျ၊ ရေစီးတစ်ခါ ရေသာ တစ်လှည့်၊ ရေများရာ မိုးရွာ၊ ရေများရေနိုင် မီးများမီးနိုင်၊ ရေမြင့်ကြာမြင့်၊ ရေနစ်သူ ဝါးကူလို့ထိုး၊ ရေစုန် ရွက်တိုက်၊ ရေနိမ့်ရာစီး မီးမြင့်ရာလောင်၊ ရေမနောက် ကြာမရှောက်" စသည့်ရေနှင့် ပတ်သက်သည့် စကားပုံများကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။ ရေမရှိလျှင် သက်ရှိ အားလုံးရှင်သန်ကြွင်းကျန်နိုင်မည် မဟုတ်ချေ။ မကြာမီနွေရာသီရောက်တော့မည်ဖြစ်သည်။ နွေရာသီတွင် ကြုံတွေ့ရသည်ပြဿနာသည် သောက်သုံးရေရှားပါးခြင်းပင်ဖြစ်သည်။ ထိုသို့ရေရှားပါးပြတ်လပ်မှုမျိုး မကြုံရလေအောင် အဖိုးတန်သောရေကို မိုးရာသီကတည်းက စနစ်တကျစုဆောင်းထားပြီးချွေတာသုံးစွဲသွားသင့်သည်။

**ရေဆိုသည်မှာ**

သက်ရှိများအတွက် အရေးပါဆုံးသောအရာသည် "ရေ"ပင်ဖြစ်နေသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ် နှစ်ခု ($H_2O$)တို့ ပေါင်းစပ်ပါဝင်ကြောင်းကို ငယ်စဉ်ကတည်းကဓာတုဗေဒဘာသာရပ်တွင်သင်ကြားခဲ့ရသည်။ ရေကို သတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင်အရည်အဖြစ်တွေ့ရလေ့ရှိသည်။ထို့အပြင်ရေခဲ၊ ရေခိုးရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်းရပ်တည်နေပါသည်။ ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့်ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

**တစ်နေ့ရေဘယ်လောက်သောက်မလဲ**

လူတစ်ဦး၏နေ့စဉ်လုံလောက်စွာသောက်သုံးသည့် ရေပမာဏသည် ထိုသူ၏ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နေ့စဉ် သောက်ရေ ဖန်ခွက်ရှစ်ခွက်မှ ၁၀ ခွက်ခန့်အထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟုကျွမ်းကျင်သူများကဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက်(သုံးလီတာခန့်)အထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂ လီတာခန့်)အထိသောက်သင့်သည်ဟုလည်း ဆိုထားသည်။

မည်သို့ပင်ဆိုစေကာမူရေသည် လူတစ်ဦး၏ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့အပြင် ရေသည်လူ့ကိုယ်ခန္ဓာတွင် အဓိကကျသောအစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအရွယ်အစားပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိပါဝင်သည်။ ဦးနှောက်နှင့်နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အဆုတ်တွင် ၈၃ ရာခိုင်နှုန်းအထိပါဝင်သည်ဟုဆိုသည်။

**အကျိုးကျေးဇူးများ**

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေ ခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့အပြင်ရေကို လုံလောက်စွာသောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါး သက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန်လျော့ကျစေခြင်း၊ အဆိပ်အတောက် ဖြစ်ပွားနိုင်မှုမှလျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်းစသည့် အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။

အထူးသဖြင့် ရေသည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူသားတို့အသုံးပြုသည့်ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုလျက်ရှိသည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရများပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသော သောက်သုံးရေသည် လူသားတို့နှင့်အခြားသက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်ရေးအတွက်များစွာ အရေးပါလျက်ရှိသည်။

> “ သစ်ပင်များကို လွန်ကဲစွာ ခုတ်ထွင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် တောမီးရှို့ခြင်း၊ မြစ်ချောင်းများတွင် ပလတ်စတစ်ကဲ့သို့ အမှိုက်များစွန့်ပစ်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သင့် . . . ”

**သန့်ရှင်းသောရေရှားပါးလာ**

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေ သန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေမရှိနိုင်သေးသည့်အပြင် ကျန်သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့်ညီညွတ်သောရေကို ဖူလုံစွာမရှိကြသေးပါ။ ထို့အပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့်ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု လေ့လာသုံးသပ်သူများကဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟုဆိုသည်။

အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့်စစ်ပွဲများသည် နိုင်ငံရေးကြောင့်မဟုတ်ဘဲ သောက်သုံးရေရရှိရေးကို အကြောင်းပြု၍ဖြစ်ပွားလာမည်ဟုဆိုသည်။ လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ ရေရှားပါးမှု ကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းမြစ်များကို အချိန်မီစနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှုပိုမိုမြင့်မားလာမည်ဖြစ်သည်။

**ရေရှားပါးမှုဖြစ်ရသည့်အကြောင်းရင်းများ**

မြို့ပြများတိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများထူထောင်ခြင်းနှင့်သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည်ရေရှားပါးရခြင်း၏အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ထိုသို့ သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလာပြီး ရေရှားပါးခြင်းဆိုသောနောက်ဆက်တွဲ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေပါသည်။

ထို့အပြင် မြို့ပြများတွင်စက်ရေတွင်းများလွန်ကဲစွာတူးဖော်ခြင်းသည်လည်းမြေအောက်ရေအရင်းမြစ်ကို ဆုတ်ယုတ်စေပါသည်။ ရေသည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှထုတ်လွှတ်သောစွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများအား အအေးခံခြင်းနှင့်ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာအသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျစီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ်ရေရှားပါးပြတ်လပ်မှု ပြဿနာကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ရေအရင်းအမြစ်ကို စနစ်တကျ ထိန်းသိမ်းရန်လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားရေးသည်လည်း လူသားအားလုံး၏တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှ စွန့်ပစ်ပစ္စည်းများအား မြစ်၊ ချောင်းများအတွင်းသို့ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သော လက်နက်များအား ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည်ရေထုညစ်ညမ်းမှုကိုဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတကာပဋိညာဉ်များနှင့် ကတိကဝတ်များကိုလိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှု အန္တရာယ်အားကြိုတင်ကာကွယ်သွားသင့်သည်။

**ပင်ပန်းဆင်းရဲကြ**

နွေရာသီရောက်ပြီဆိုသည်နှင့် ကျေးလက်နေပြည်သူများ အထူးသဖြင့်မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဝေးကွာသောဒေသများတွင်နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ နွေရာသီ၌ရေရှားပါးမှု ကြုံတွေ့ရသည့် အချို့သော ဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံး၊ တစ်အိုးရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာ သွားရောက်ကာ ခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ချောင်း၊ အင်း၊ အိုင်နှင့်ရေကန်ရှိသော နေရာများသို့သွားရောက်နေခိုရလေ့ရှိပါသည်။

**ရေရှည်အစီအမံများချမှတ်ရန်လို**

ထိုအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် တာဝန်ရှိသူများသည် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကို မျှော်တွေးကာ သောက်သုံးရေ ဖူလုံရေးအတွက် ထိရောက်သော ရေရှည်စီမံချက်များချမှတ် အကောင်အထည်ဖော်ပေးသင့်ပါသည်။ နွေရာသီတွင်ရေရှားပါးပြတ်လပ်မှု ကြုံတွေ့ရသည့်ဒေသများသည် မိုးရာသီတွင် ရေအောက်ကြမ်းပြင်ဖြစ်သွားကြသည်။ ကျေးလက်နေပြည်သူများသည်ထိုအခြေအနေမျိုးကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ လတ်တလောအခက်အခဲကိုလက်ပူတိုက်ဖြေရှင်းခြင်းသည် မှန်ကန်သောနည်းလမ်း တစ်ရပ်မဟုတ်ချေ။ ထို့ကြောင့်ရေရှားပါးမှုနှင့်ရေလွှမ်းမိုးမှုဒဏ်မှကင်းဝေးရလေအောင် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ဆောင်ရွက်သွားရန်လည်းလိုအပ်ပါသည်။ နွေရာသီတွင် ကျေးလက်နေပြည်သူများ ရေဖူလုံရေးအတွက် အလှူရှင်များအပါအဝင် စစ်ဘက်၊ အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုများကို အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

**ရေသုံးစွဲရာတွင် ခြိုးခြံချွေတာရေးနည်းလမ်းများ**

လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကိုသုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာတွင် လူတစ်ဦး တစ်ယောက်ချင်းစီမှ အဖိုးတန်ရေကိုချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိပြည်သူများကို ကူညီရာရောက်ပါသည်။ ရေကို အောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသွားသင့်ပါသည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း။
(၃) နေအိမ်ရှိ ရေပိုက်ခေါင်းအားလုံးကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းရေပန်းခေါင်းတိုတိုကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာဖွင့်၍ ရေချိုးခြင်း။
(၆) ပန်းဥယျာဉ်များကို မိုးရေနှင့်သာ ပက်ဖျန်းခြင်း။
(၇) အိမ်သာရေစိမ့်မှုကိုပြုပြင်ထားခြင်း။
(၈) ရေစိမ့်နေသည့်နေရာများကို စစ်ဆေးခြင်း။
(၉) မိုးရေကိုခံထားခြင်း။
(၁၀) ရေအိမ်ကိုအမှိုက်ပုံးကဲ့သို့အသုံးမပြုခြင်း။
(၁၁) ရေချွေတာသည့်စက်များ ဝယ်ထားခြင်း (ဥပမာ-ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)
(၁၂) မည်သည့်အခါမျှရေကိုမသွန်ပစ်ရန်။

**ရေအတွက်သဘာပတ်ဝန်းကျင်**

သဘာဝပတ်ဝန်းကျင်သည် ရေအရင်းအမြစ်ထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် သစ်တောသစ်ပင်များနှင့် ရေဝေရေလဲဒေသများသည် စွတ်စိုမှုကို ကြာရှည်ထိန်းသိမ်းထားနိုင်ပေသည်။ ထို့ကြောင့် လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်လိုသဘောထားလုပ်ဆောင်ပေသည်။ သစ်ပင်များကို လွန်ကဲစွာခုတ်ထွင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် တောမီးရှို့ခြင်း၊ မြစ်ချောင်းများတွင် ပလတ်စတစ်ကဲ့သို့ အမှိုက်များစွန့်ပစ်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သင့်နေပြီဖြစ်သည်။

ခြုံ၍ဆိုရလျှင် ယခုနှစ်နွေရာသီတွင်အပူချိန်ပိုမိုပြင်းထန်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြပါသည်။ အပူချိန်မြင့်မားလာခြင်းနှင့်အတူ နွေရာသီတွင် ကြုံတွေ့ရသည့် ပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ် နွေရာသီတွင်သောက်သုံးရေရှားပါးမှုဒဏ်ကို ခါးစည်းခံရလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာရနိုင်သည့်ရေရှားပါးမှုပြဿနာ၊အထူးသဖြင့် နွေရာသီတွင် ရေရှားပါပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်မျှော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာဖြင့် တန်ဖိုးရှိသောရေကိုစနစ်တကျ ချွေတာသုံးစွဲသွားနိုင်ကြပါစေ။ ။

## လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရသူတွေအတွက် အမေရိကန်ဒေါ်လာ တစ်သန်းကျော် အမ်မာဝပ်ဆန် လှူဒါန်း



ဗြိတိန်မင်းသမီး အမ်မာဝပ်ဆန်က နိုင်ငံတွင်းမှာရှိတဲ့ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခြင်းခံခဲ့ရသူတွေကို ထောက်ပံ့ဖို့ရည်ရွယ်ကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းကို လှူဒါန်းခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Beauty and the Beast" လိုက်ဖ်အက်ရှင်ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီး အမ်မာဝပ်ဆန်ဟာ ဗြိတိန်အမျိုးသမီးအနုပညာရှင် ၂၀၀ ခန့်ပါဝင်တဲ့ တရားမျှတမှုနဲ့ တန်းတူညီမျှမှုရန်ပုံငွေအတွက် လှုပ်ရှားမှုမှာ ပါဝင်ခဲ့တာဖြစ်ပါတယ်။ ယင်းရန်ပုံငွေဟာ ဗြိတိန်မှာတော့ "Time's Up"လှုပ်ရှားမှု၊ အမေရိကန်မှာတော့ "Me Too" လှုပ်ရှားမှုတွေရဲ့ အကျိုးဆက်ဖြစ်ပြီး အမ်မာဝပ်ဆန်ကတော့ ယင်းရန်ပုံငွေထဲသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ထည့်ဝင်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။

## ကွယ်လွန်ခဲ့ပြီဆိုတဲ့ သတင်းအမှားကို စတားလုံး တုံ့ပြန်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဆီဗက်စတာ စတားလုံးက မကြာသေးမီက ပေါ်ထွက်လာခဲ့တဲ့ သူကွယ်လွန်သွားခဲ့ပြီဆိုတဲ့ ကောလာဟလတွေအပေါ် တုံ့ပြန်ပြောကြားလိုက်ပါတယ်။ စတားလုံး ကွယ်လွန်ပြီဆိုတဲ့သတင်းဟာ မမှန်ကန်ကြောင်းနဲ့ လက်ရှိမှာ ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင် ရှိနေဆဲဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တော်ရီးယဲယ်ဘာဒန်နီရယ်အမည်နဲ့ အကောင့်ပိုင်ရှင်က မင်းသားကြီးရဲ့ အိုမင်းနေတဲ့ ဓာတ်ပုံတွေနဲ့ ရောဂါခံစားနေရတဲ့ပုံပေါ်နေတဲ့ ဓာတ်ပုံတွေနဲ့အတူ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ စတားလုံး ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ဖော်ပြချက်တွေအရ မင်းသားကြီးဟာ ကင်ဆာရောဂါကို ခံစားခဲ့ရပြီးနောက် မနက်ကပင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း၊ စတားလုံးက သူ့ရဲ့ရောဂါကို ကွယ်ဝှက်ထားခဲ့တာဖြစ်ပေမယ့် နောက်ဆုံးမှာတော့ ဖုံးကွယ်ထားလို့မရနိုင်ဘဲ ရောဂါရဲ့အနိုင်ယူခြင်းကို ခံလိုက်ရပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြခံခဲ့ရတဲ့ ပို့စ်ကို စတားလုံးက သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြကာ သတင်းမှန်မဟုတ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ စတားလုံးက လက်ရှိမှာ သူဟာ အသက်ရှင်နေဆဲဖြစ်ကြောင်း၊ ကျန်းမာပျော်ရွှင်နေဆဲဖြစ်ကြောင်းလည်း တစ်ပါတည်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။

ဒီသတင်းကြောင့် စတားလုံးရဲ့ အေဂျင်စီမှလွဲပြီး ပရိသတ်တွေနဲ့ အခြားသော မိတ်ဆွေတွေပါ အံ့အားသင့်ခဲ့ရပါတယ်။ ဒီသတင်းမှားနဲ့ ပတ်သက်ပြီး စတားလုံးနဲ့ ညီအစ်ကိုတော်သူ ဖရန့်ခ်စတားလုံးကလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပြန်လည်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



အေးပြည့် စုစည်းသည်

## ဂျမေကာမှာ ဆက်ရှိနေတဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်

ပေါ့ကြယ်ပွင့်စုံတွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ဂျက်စတင်ဘီဘာရဲ့ ဖခင်ဖြစ်သူ ဂျာရေမီဘီဘာရဲ့ မင်္ဂလာအခမ်းအနားကို တက်ရောက်ဖို့ရာ မကြာသေးမီက ဂျမေကာကို အတူထွက်သွားခဲ့ကြပါတယ်။ မင်္ဂလာအခမ်းအနားမှာ ပါဝင်ဆင်နွှဲခဲ့ပြီးနောက်မှာတော့ သူတို့နှစ်ဦးဟာ ဂျက်စတင်ဘီဘာဖခင်ရဲ့ မိသားစုတွေနဲ့အတူ ဂျမေကာက ကမ်းခြေတစ်ခုမှာ ဆက်လက်ရှိနေကြပြီး နှစ်ဦးသား ချိန်းဆိုတွေ့ဆုံခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

မွန်တေဂိုဘေးက အပန်းဖြေစခန်းတစ်ခုမှာ ပေါ့ပ်ကြယ်ပွင့်စုံတွဲကို အနားယူအပန်းဖြေနေတာကို တွေ့ခဲ့ရပါတယ်။ နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ကြတဲ့ သူတို့နှစ်ဦးရဲ့ အပန်းဖြေစခန်းက ဓာတ်ပုံတွေဟာလည်း လတ်တလောမှာတော့ အွန်လိုင်းမီဒီယာစာမျက်နှာတွေပေါ်မှာ ပျံ့နှံ့နေပြီး ယင်းဓာတ်ပုံတွေမှာတော့ ကြယ်ပွင့်စုံတွဲဟာ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်ကြပုံပေါ်နေတာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် ဂျက်စတင်ဘီဘာရဲ့ဖခင် ဂျာရေမီဘီဘာနဲ့ ချယ်လ်ဆီးရော့ဘလိုတို့ လက်ထပ်ပွဲက ဓာတ်ပုံတွေကိုလည်း တွေ့ရပါတယ်။ မင်္ဂလာပွဲကို တက်ရောက်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ ဓာတ်ပုံတွေကိုလည်း တစ်ပါတည်းတွေ့မြင်ရပြီး ဖခင်ရဲ့မင်္ဂလာအခမ်းအနားမှာတော့ ဂျက်စတင်ဘီဘာက သတို့သားအရံအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ကတော့ ဂျက်စတင်ဘီဘာရဲ့ဝတ်စုံနဲ့လိုက်ဖက်အောင် ပန်းရောင်ဖျော့ဂါဝန်ရှည်ကြီးနဲ့ ကမ်းခြေမှာ လှုပနေခဲ့တာကိုလည်း တွေ့ခဲ့ရပြီး သတို့သမီး၊ သတို့သားရဲ့ သူငယ်ချင်းတွေနဲ့ အတူရိုက်ထားတဲ့ဓာတ်ပုံတွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တွေ့မြင်ခဲ့ရပါတယ်။

ဒီလို ဂျမေကာကို မင်္ဂလာပွဲတက်ရောက်ဆင်နွှဲဖို့ မထွက်ခွာမီက အသက် ၂၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ၂၅ နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့ ချစ်သူများနေ့မှာတော့ မွန်တေ့ချ်ဟိုတယ်မှာ ညစာအတူစားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အဲဒီနေ့က သူတို့ချိန်းဆိုတွေ့ဆုံခဲ့ကြတာကို တွေ့ခဲ့ရတဲ့ မျက်မြင်ပရိသတ်တွေရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ တကယ်ကို ကောင်းမွန်တဲ့ဆက်ဆံရေးမျိုးရှိနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြန်လည်လက်တွဲခါစမှာတော့ နှစ်ဦးသားတွေ့ဆုံခဲ့ကြတဲ့ ပုံရိပ်တွေဟာ မီဒီယာစာမျက်နှာတွေပေါ်မှာ မနားတမ်း ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ် နှစ်စပိုင်းလောက်မှာတော့ သူတို့နှစ်ဦးရဲ့ ချိန်းဆိုတွေ့ဆုံမှုတွေကို မတွေ့ရသလောက်ဖြစ်ခဲ့တာကြောင့် နှစ်ဦးအကြားက ဆက်ဆံရေး အေးစက်ခဲ့ပြီဖြစ်ကြောင်း ဝေဖန်သံတွေ ပေါ်ထွက်လာခဲ့ပါတယ်။

လတ်တလောမှာတော့ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ မီဒီယာစာမျက်နှာတွေပေါ်မှာ ပြန်လည်နေရာယူလာခဲ့ပြီး နှစ်ဦးသား နွေးထွေးတဲ့ ဆက်ဆံရေးရှိနေဆဲဖြစ်တာကိုလည်း တွေ့ရပါတယ်။

## ကြည့်ရှုသူ တစ်သန်းကျော်ခဲ့ပြီဖြစ်တဲ့ Mr.Sunshine

တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Mr.Sunshine"ရဲ့ အစမ်းရုပ်ရှင်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပြသခဲ့ရာမှာတော့ ကြည့်ရှုသူတစ်သန်းကျော်ရှိခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်ကို tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး ရာဇဝင်ရုပ်ရှင်အမျိုးအစားဖြစ်ပါတယ်။ အချစ်နဲ့ စစ်ကို ရောယှက်ဖန်တီးထားတဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး ဇာတ်ညွှန်းကိုတော့ နာမည်ကျော် ဇာတ်ညွှန်းဆရာဖြစ်တဲ့ "Goblin"နဲ့ "Descendants of the Sun" ရုပ်သံဇာတ်လမ်းတွေကို ရေးသားပေးခဲ့သူ ကမ်အွန်ဆွတ်က တာဝန်ယူရေးသားပေးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ခေါင်းဆောင်မင်းသားအဖြစ် နာမည်ကျော်တစ်ဦးဖြစ်တဲ့ မင်းသားလီပြောင်ဟွန်းက ပါဝင်ရိုက်ကူးပေးထားပြီး အဓိကဇာတ်ဆောင်မင်းသမီးကတော့ ကမ်တေရီ ဖြစ်ပါတယ်။ အခြားသောဇာတ်ဆောင်အဖြစ်တော့ ယိုယွန်ဆော့က ပါဝင်သွားမှာဖြစ်ပြီး ဇာတ်လမ်းအပိုင်းပေါင်း ၂၄ ပိုင်း ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှာ ယင်းဇာတ်လမ်းတွဲအတွက် ပထမဆုံးသော အစမ်းရုပ်ရှင်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်မှာတော့ ကြည့်ရှုသူ ၁ ဒသမ ၄ သန်းကျော် ရရှိခဲ့တာ ဖြစ်ပါတယ်။ အချိန်တိုအတွင်းမှာ ကြည့်ရှုသူအမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့တဲ့ အစမ်းရုပ်ရှင်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

"Mr.Sunshine"ကိုတော့ ယခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ဇူလိုင်လအတွင်း စတင်ပြသသွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။






# ဗန်ကောက်-မြိတ်-ဗန်ကောက်လေကြောင်းခရီးစဉ်အဖြစ် New Gen Airline မှပျံသန်းပြေးဆွဲမည်

**မြိတ် ဖေဖော်ဝါရီ ၂၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်မှ မြိတ်လေဆိပ်သို့ ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ကာ New Gen Airline နှင့် ထွန်းထိပ်တင်ကုမ္ပဏီတို့ ပူးပေါင်း၍ B737-400 or Sub, HS-NGA or Sub, E3 8101/2 လေယာဉ်အမျိုးအစားဖြင့် ဗန်ကောက်-မြိတ်-ဗန်ကောက် ခရီးစဉ်ပျံသန်း ပြေးဆွဲမည်ဖြစ်ကြောင်း လေကြောင်းလိုင်းမှ သိရသည်။

ဗန်ကောက် - မြိတ် - ဗန်ကောက် ခရီးစဉ်ကို ဗန်ကောက် အခြေစိုက်လေကြောင်းလိုင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများ ကျန်းမာရေးနှင့်လူမှုရေးကိစ္စများတွင် အဆင်ပြေစေရန် ရည်ရွယ်၍ ပြေးဆွဲခြင်းဖြစ်ကြောင်း လေကြောင်းလိုင်း (မြိတ်)ရုံးခွဲ မန်နေဂျာ ဦးသာစုက ပြောသည်။ ဗန်ကောက်-မြိတ်၊ မြိတ်-ဘန်ကောက် အသွားအပြန်ခရီးစဉ်ကို အမေရိကန် ဒေါ်လာ ၁၈၀ ဖြင့် စတင်ပြေးဆွဲမည်ဖြစ်သည်။

လေယာဉ်ပျံသန်းရောက်ရှိချိန်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေကြောင်းပျံသန်းမှု လမ်းညွှန်ထိန်းသိမ်းရေးလုပ်ငန်း(ATC)၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ သတ်မှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လေယာဉ်အသက်ကယ်မီးသတ် ကဏ္ဍပါ တိုးမြှင့်ဆောင်ရွက်ထားကြောင်း မြိတ်လေဆိပ်မန်နေဂျာ ဦးကျော်ကျော်ဌေး က ပြောသည်။

New Gen Airline ခရီးစဉ်သည် နေ့စဉ်ပုံမှန်ပျံသန်းပြေးဆွဲမည့်ခရီးစဉ်မဟုတ်ဘဲ Passengers / Cargo charter flight စင်းလုံးငှား လေယာဉ်ခရီးစဉ်အဖြစ်သာ ဗန်ကောက်-ဒွန်မောင်း-မြိတ်-ဗန်ကောက်-ဒွန်မောင်း တစ်ပတ်လျှင် သုံးရက်ပျံသန်းရောက်ရှိမည်ဖြစ်သည်။ အဆိုပါ လေကြောင်းခရီးစဉ်တွင် ပျံသန်းမည့် လေယာဉ်သည် ခရီးသည် ၁၄၆ ဦးကို တင်ဆောင်နိုင်ပြီး အပတ်စဉ်တစ်ပတ်လျှင် သုံးရက် တနင်္လာနေ့၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် ပြေးဆွဲရန်စီစဉ်လျက်ရှိကြောင်း လေကြောင်းလိုင်း (မြိတ်)ရုံးခွဲမှ သိရသည်။ **နိုင်ထူး (ပြန်/ဆက်)**

# သဘာဝဘေးနှင့် နေရပ်စွန့်ခွာပြည်သူများအတွက် ကချင်ပြည်နယ်အစိုးရသို့ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**
ASEAN +3 အရေးပေါ် ဆန်ရိက္ခာ အစီအစဉ်(၃)အရ ဂျပန်နိုင်ငံအစိုးရမှ လှူဒါန်းသော ဆန်တန်ချိန် ၃၁၁ ဒသမ ၄၇၇ တန်အား ကချင်ပြည်နယ်အတွင်းရှိသဘာဝဘေးနှင့် နေရပ်စွန့်ခွာ ပြည်သူများအတွက် ကချင်ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါ ဆင်ဝါးနောင်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်မှ ဆန်ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆန်လှူဒါန်းမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို (APTERR Council Member)က"ကျွန်တော်တို့ ကချင်ပြည်နယ်မှာ အစိုးရအဖွဲ့ကို ဂျပန်နိုင်ငံက လှူဒါန်းတဲ့ဆန်တန်ချိန် ၃၁၁ ဒသမ ၄၇၇ တန်၊ ၃၀ ကီလိုဝင်အိတ်ပေါင်း ၁၀၃၆၉ အိတ်ကို ကချင်ပြည်နယ်အတွင်းမှာ သဘာဝဘေးဒဏ် ခံစားသူတွေနဲ့ နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ပြည်သူတွေကို ASEAN +3 အရန်ဆန်ရိက္ခာအဖွဲ့ ဖွဲ့စည်းထားတဲ့ ၁၃ နိုင်ငံမှာ မြန်မာနိုင်ငံကလည်း သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်၊ ဒေါ်လာ ၈၃၀၀၀ ကို မူလရန်ပုံငွေအဖြစ် ထည့်ဝင်ပြီးလည်းဖြစ်ပါတယ်၊ အခု လာရောက်လှူဒါန်းတာကတော့ ချမ်းသာတဲ့နိုင်ငံတွေကနေ လှူဒါန်းတဲ့အစီအစဉ်ဖြစ်ပြီး ဒီနှစ်အတွင်းမှာ ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၅၀၀၊ ကိုရီးယားနိုင်ငံမှ ဆန်တန်ချိန် ၅၀၀ လှူဒါန်းမှုကို လက်ခံရရှိခဲ့ပြီး လှူဒါန်းမှုရရှိတဲ့ အထဲက ရခိုင်ပြည်နယ်ကို ၂၆၇ တန်ကို လှူဒါန်းခဲ့ပါတယ်၊ ကချင်ပြည်နယ်အတွင်းမှာ ဝေးလံခေါင်ဖျားတဲ့ ဒေသမှာရှိတဲ့ ပြည်သူတွေအတွက်လည်း ပါဝင်ပါတယ်၊ အခုလှူဒါန်းမှုမှာ ခရိုင် လေးခုအတွင်းရှိ မြို့နယ် ၁၆ ခု အတွင်း နေရပ်စွန့်ခွာ စခန်းတွေမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ မူလတင်ပြ တောင်းခံထားတဲ့အတိုင်း လှူဒါန်းသွားမှာပါ" ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆန်လှူဒါန်းမှုနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြခဲ့ကာ လှူဒါန်းသော အရန်ဆန်ရိက္ခာများအား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က လက်ခံရယူ၍ ပြည်နယ်လူမှုရေးဝန်ကြီးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ASEAN +3မှ တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံမှ ဂျပန်နိုင်ငံအစိုးရ(ကိုယ်စား) ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အင်အား ၅၀ ကျော်တက်ရောက်သည်။

အလှူရှင်များအဖွဲ့သည် ယနေ့တွင် နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်းများသို့ ဆက်လက်သွားရောက် ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကာ အိမ်ထောင်စု ၁၀၃၆၉ စုသို့ အိမ်ထောင်စုတစ်စုလျှင် ဆန်ကီလို ၃၀ ဆန် ၁၄ ပြည်ခန့်ပါ တစ်အိတ်စီ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ဦးလေးကြီး**

# ကော့သောင်းမြို့ဆိပ်ကမ်းသာပန်းခြံသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၂၁**
ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ထွက်လည်ပတ်ရာမြို့တစ်မြို့ဖြစ်သည်နှင့် လျော်ညီစွာ မြို့သာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ နံနက်ပိုင်းက မြို့ကျက်သရေဆောင် ဆိပ်ကမ်းသာပန်းခြံအတွင်း LED ဖောင်းကြွစာလုံးဆိုင်းဘုတ်အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။



ကော့သောင်းမြို့သို့ ရေလမ်းခရီးမှဝင်ရောက်လာပါက မြို့ကျက်သရေဆောင်ပြည်တော်အေးစေတီတော်နှင့် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံအား စတင်မြင်တွေ့ရမည်ဖြစ်ရာ လာရောက်လည်ပတ်ကြမည့်ခရီးသွားဧည့်သည်များ၊ အနားယူအပန်းဖြေကြမည့်မြို့နေပြည်သူများ စိတ်လက်ကြည်လင်လန်းဆန်းစေရေး ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းသာယာရေး လုပ်ငန်းများဖြစ်သည့် ပန်းခြံအတွင်းပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ခေတ်မီ LED လျှပ်စစ်မီးများတပ်ဆင်ခြင်းနှင့် ပန်းခြံအဝင်ဆိုင်းဘုတ်အား ခေတ်မီလှပသည့် LED ဖောင်းကြွစာလုံးဆိုင်းဘုတ်ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)**။ ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၁၃ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရဲစခန်းမှူး ဒုရဲမှူးကိုကိုလွင်က သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ကွမ်းခြံကုန်း**။ ။ ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု မေတ္တာကျေးရွာ ခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကွမ်းခြံကုန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူးအောင်ကျော်မိုးက ကျေးရွာနေပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**လှိုင်သာယာ** ။ ။လှိုင်သာယာ ရေဥက္ကံကျေးရွာခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်မြတ်စိုးက သက်ငယ်မုဒိမ်းမှုကျဆင်းရေး ဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**တိုက်ကြီး**။ ။ ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက်၊ အောင်မင်္ဂလာ ၁၀ လမ်း ဦးသန်းဦးနေအိမ်၌ ရှမ်းစုအုပ်ချုပ်ရေးမှူး ဦးမြင့်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများကို ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီက တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး သန်းထွန်းလတ်၊ တိုက်ကြီးမြို့မစခန်းမှူး ဒုရဲမှူးသန်းဦးတို့က မှုခင်းပညာပေး ဟောပြောခြင်း၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ဆွာဆည်မြောင်းဖျားအထိရေပေးဝေနိုင်၍နွေစပါးစိုက်တောင်သူများအဆင်ပြေ

**ရေတာရှည် ဖေဖော်ဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်မှ နွေစပါးစိုက်ပျိုးရန် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ပြီးရေပေးဝေလျက်ရှိရာ နွေစပါးစိုက်တောင်သူများ စိုက်ဧကတိုးမြှင့် စိုက်ပျိုးနိုင်ရေးအတွက် မြောင်းဆုံးမြောင်းဖျားပိုင်းအထိ ဆောင်ရွက်ပေးခဲ့ရာ၌ DY-8 Miror 1 အတွင်း ရေထည့်ပေးနိုင်ပြီဖြစ်သည့်အတွက် ဘိုးတော်ကုန်းကျေးရွာအုပ်စု ဝါးရုံတောကျေးရွာ အုပ်စုများရှိ ဒေသခံတောင်သူများ၏ ဧက ၁၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဘက်ကွင်းတွေက အရင်က နွေစပါးဆို လုံးဝစိုက်လို့မရဘူး၊ နွေစပါးအတွက် ရေပေးမှာ မိုလို့ စပါးမျိုးတွေရှာဖွေထားပြီး ထယ်ရေးတွေ အမြန်ဆုံးပြင်ကြဖို့ ဆည်မြောင်းဦးစီးဌာနက ကြိုတင်အကြောင်းကြားတယ်၊ အားချင်းလုပ်ပေးတာ ကျွန်တော်တို့ တောင်သူတွေက ဟုတ်ပါ့မလားဆိုပြီး ထင်ယောင်ထင်မှား ဖြစ်နေသေးတယ်၊ ခုတော့ စိုက်ပျိုးရေတွေရပြီ၊ စပါးတွေကြဲတဲ့ သူတွေတောင် ကြဲကုန်ပြီ"ဟု ဝါးရုံတောကျေးရွာနေ တောင်သူ ဦးဝင်းကြည်ကပြောကြားသည်။

"ကျွန်တော်တို့ဌာနက ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနဲ့ တာဝန်ရှိသူတွေက တောင်သူတွေ နွေစပါးတိုးချဲ့နိုင်ဖို့ မကြာမကြာ ကွင်းဆင်းကြည့်တယ်၊ မြောင်းအလိုက်၊ မြောင်းခွဲများအလိုက် ရေပေးဝေတဲ့စနစ်တွေကို ကြည့်ပြီးတော့မှ DY-8 Miror 1 ကို ရေထည့်ပေးနိုင်ရင် ဝါးရုံတောအုပ်စုနဲ့ ဘိုးတော်ကုန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ တောင်သူတွေရဲ့ ဧက ၁၃၅ ဧကလောက်ပို စိုက်ပျိုးနိုင်မယ်ဆိုပြီးလုပ်ပေးတာပါ၊ ခုတော့ တောင်သူတွေ အားလုံးအဆင်ပြေကြပါပြီ" ဟု မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက ရှင်းလင်းပြောကြားသည်။ **ကိုလွင်(ဆွာ)**

# ဆိုင်ကယ်တက္ကစီများကို တရားဝင်ဂိတ် သတ်မှတ်ပေးရန် လိုအပ်

**ပဲခူး ဖေဖော်ဝါရီ ၂၁**
ပဲခူးမြို့တွင်းနှင့်မြို့နယ်အသီးသီးတို့တွင် ဆိုင်ကယ်များဖြင့် အငှားတက္ကစီအဖြစ် စီးပွားရေးလုပ်ကိုင်နေသူများ ကျယ်ပြန့်စွာရှိလာနေပြီး ထိုအငှားဆိုင်ကယ်တက္ကစီတို့မှာ လိုင်စင်ရှိဆိုင်ကယ်များကို တရားဝင်ဂိတ်သတ်မှတ်ပေးထားခြင်း မရှိကြ၍ ကြုံသလိုအဆင်ပြေသည့်နေရာများ၌ ပြေးဆွဲနေကြရသည်။

ထိုအငှားတက္ကစီဆိုင်ကယ်အများစုထက်ဝက်ကျော်မှာလည်း လိုင်စင်မဲ့များသာဖြစ်နေကြသဖြင့် ဆိုင်ကယ်များ ပျောက်ဆုံးလုယက်ခံကြရခြင်း၊ ဆိုင်ကယ်တက္ကစီမောင်းများမှခရီးသည်များအား ပြစ်မှုကျူးလွန်ခဲ့ခြင်းစသည့်မှုခင်းဖြစ်ရပ်များအား ဖော်ထုတ်အရေးယူနိုင်ရန် အခက်အခဲများဖြင့် ကြုံကြရကြောင်းတာဝန်ရှိသူများထံမှသိရသည်။

"ဒီဆိုင်ကယ်တက္ကစီတွေကိုငှားစီးရတာလိုင်စင်ကမရှိ၊ ဂိတ်ကလည်းမရှိဆိုတော့ စိုးရိမ်စိတ်နဲ့ပဲ စီးနေရတာပေါ့။ လိုင်စင်ရှိတဲ့ဆိုင်ကယ်တွေကို တရားဝင်ဂိတ်သတ်မှတ်ပေးစေချင်ပါတယ်"ဟု ပဲခူးမြို့ဒေသခံတစ်ဦးက ဆို၏။

"တရားဝင်ဂိတ်ကိုလိုင်စင်ရှိတဲ့ ဆိုင်ကယ်များပဲ သတ်မှတ်ပေးစေချင်ပါတယ်၊ ဒါမှလည်း အထိန်းအကွပ်တစ်ခုဖြစ်လာပြီး ဆိုင်ကယ်တက္ကစီမောင်းနဲ့ ခရီးသွားနှစ်ဖက်လုံးပြစ်မှုကျူးလွန်တာတွေ လျော့နည်းသွားမှာပါ"လို့ ဆိုင်ကယ်တက္ကစီမောင်းတစ်ဦးက ပြောသည်။ **၅၈၇**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မြတ်ဗုဒ္ဓ၏သဘောတရားများ




လူသားများ၏ အမှန်တကယ်ချမ်းသာစစ်ကို မြတ်ဗုဒ္ဓ၏တရားတော်များမှသာ ရရှိနိုင်ကြောင်း စာရေးဆရာ ဆရာကြည်စီစဉ်သည့် မြတ်ဗုဒ္ဓ၏ သဘောတရားများ စာအုပ်ထွက်ရှိလာသည်။

လူသားများသည် မိမိတို့မွေးဖွားလာသည်မှစ၍ ကိလေသာများဖြင့်သာ တန်ဖိုးရှိသောအချိန်များကို ကုန်ဆုံးစေခဲ့သည်။ ထိုတန်ဖိုးရှိသော အချိန်များကို တန်ဖိုးရှိစွာအသုံးချနိုင်စေရန် လူသားများအတွက် ကိလေသာ ဒုက္ခများ ကင်းဝေးစေမည့် ချမ်းသာမှု၏အစစ်အမှန်ဖြစ်သည့် နိဗ္ဗာန်မှတစ်ပါး အခြားမရှိပေ၊ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ရရှိထားသည့် မြတ်စွာဘုရားရှင်က ဝိနည်းသုတ် အဘိဓမ္မာတို့ဖြင့် သတ္တဝါများ၏ အကျိုးစီးပွားကို ဟောကြားပြသခဲ့ပြီး ထိုမြတ်ဗုဒ္ဓဟောကြားသော တရားတော်များကို ဖတ်မှတ်လေ့လာနာယူခြင်းဖြင့် လူသားများသည် ကိလေသာ ဒုက္ခများမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ အဆိုပါစာအုပ်တွင် လူသားအားလုံးသည် မကောင်းသော ဒုစရိုက်လက္ခဏာများကို ကျော်လွှားနိုင်ပြီး ကောင်းသောစရိုက် အကျင့်သိက္ခာများကို အစဉ်ပျိုးထောင်နိုင်စေရန် ရည်ရွယ်၍ရေးသားထားသည်။

စာအုပ်ကို အမှတ် - ၁၆၂/၅ - လှော(ဘယ်)၊လမ်း - ၅၀(အထက်)၊ အမှတ် - ၁၀ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၉၇၂၂၂၆၅၆၄နှင့် ၀၉ - ၄၃၀၆၇၅၁၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## အာယုဗ္ဗေဒကုထုံးအနှစ်ချုပ်




အာယုဗ္ဗေဒဆေးပညာ၌ ဆေးများ၏ အဓိကအကျိုးသက်ရောက်မှုရှိစေရန် ဆေးနှင့် ဆေးသောက်ရန်အချိန်သည်လည်း အရေးပါကြောင်း သမားတော်ကြီး ဦးသောင်းနိုင် စုဆောင်းပြုစု ပြန်ဆိုရေးသားထားသည့် အာယုဗ္ဗေဒကုထုံး အနှစ်ချုပ် စာအုပ်ထွက်ရှိလာသည်။

လူ၏ခန္ဓာကိုယ်တွင် ဝါယောဓာတ်ခေါ် လေဓာတ်သည်သာ အသက်ရှည်ခြင်းအကြောင်း၏ အဓိကအထောက်အပံ့ဖြစ်ပြီး လေသည် လူ့ခန္ဓာကိုယ်၌ ကောင်းစွာစောင့်ရှောက်၍ အထူးအကူအညီပေးနေသောအရာပင်ဖြစ်သည်။ သို့သော် အဓိကအားဖြင့် အပင်ပန်းများစွာခံခြင်း၊ အလွန်မေထုန်မှီဝဲခြင်း၊ထိခိုက်ခံရခြင်း၊ ကြောင့်ကြမှုနှင့် စိတ်ဒုက္ခရောက်ခြင်း၊ ဒေါသဖြစ်ခြင်းများသည် ခန္ဓာကိုယ်တွင်တည်ရှိသော အစိတ်အပိုင်းများ ဖောက်ပြန်ပျက်စီးစေတတ်သည့် သဘောပင်ဖြစ်သည်။ ထိုသို့ဖောက်ပြန်သောလေကို ဖျက်ဆီးနိုင်သော ထင်းရှူး၊ ခွေးလေ့းယားစေ့၊ လိပ်ဆူးရွှေ၊ လိပ်ဆူးဖြူ၊ ဆင်တုံးမနွယ်၊ ပရန္ဒဝါ၊ ကြိတ်မှန်၊ ခံတက်၊ နန္ဒင်း၊ ရှဉ့်မတက်နှင့် ပဲပိစပ်တို့သည် အလွန်အကျိုးများသော ဆေးများဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ဇေယျာစာပေ၊ အမှတ် - ၈၄၅၊ သံသုမာလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၇၃၀၃၁၃၁၄နှင့် ၀၉ ၂၅၀၈၅၅၃၅၅တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## အဘဝိဇ္ဇာချုပ်အောင်မင်းခေါင်၏သင်ကြားပို့ချချက်များ




ဝိဇ္ဇာရေဂုဏ်ရှိရပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးဆရာစကြာကောင်းစံ စီစဉ်ရေးသားသည့် အဘဝိဇ္ဇာချုပ် အောင်မင်းခေါင်၏ သင်ကြားပို့ချချက်များ စာအုပ်ထွက်ရှိလာသည်။

ဝိဇ္ဇာရေဂုဏ်ရှိရပညာကိုလေ့လာလိုသူများအတွက် ကျင့်စဉ်အတွက်လုပ်ငန်းစဉ်၊ ကန်တော့ပွဲပြင်နည်း၊ တစ်သက်တာလက်ဆောင်၊ ပညာပေးကဏ္ဍ၊ စည်းကမ်းချက်များ၊ ဓာတ်ဆင်နည်းများ၊ ဂါထာ၊ မန္တန်၊ မန္တရား၊ ကျန်းမာရေး၊ ဆေးကဏ္ဍ၊ ဆေးဝိဇ္ဇာတစ်ပါး၏ သင်ကြားပို့ချချက်များ၊ ကိုယ်တိုင်သိ၊ ကြား အဘအောင်မင်းခေါင်စကား၊ ကိုးကွယ်ရမှာသည် ရတနာသုံးပါး၊ ဘုရား၊ တရား၊ သံဃာ၊ အမြဲတည်ရမှာက သရဏဂုံသုံးပါး ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိဟု မှတ်ထားကာ သုံးကိုသုံးနှင့် စားလျှင်ပြတ်သောကြောင့် ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်ဖို့ ရတနာသုံးပါးနှင့် သရဏဂုံသုံးပါးကလွဲ၍ မည်သည့်အရာကမျှ မကယ်နိုင်ကြောင်း ရေးသားထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။

## ဖန်ဆင်းရှင်ရှိ၊ မရှိ(ဖန်ဆင်းခြင်းအတွေးအခေါ်)




လူတို့၏ယုံကြည်ချက်များစွာအနက် တမလွန်ရှိ-မရှိဟူသောယုံကြည်ချက်သည် လူ့ဘောင်တစ်ခုလုံးအတွက် အလွန်တရာအရေးကြီးကြောင်း စာရေးဆရာ စိုးမြင့်အောင်(ရွှေဘို) စီစဉ်ရေးသားသည့် ဖန်ဆင်းရှင်ရှိ-မရှိ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တမလွန်ကိုယုံကြည်သူများအားလုံးအတွက် မိမိယုံကြည်တာကို ပြန်လည်စဉ်းစားသုံးသပ်ဖို့ ရေးသားထားသည်။ သိပ္ပံပညာရှင်အိုင်းစတိုင်းက ရှေးအခါက လူများထင်မြင်ခဲ့ကြသည်မှာ အကယ်၍ လောကကြီးထဲတွင် အရာဝတ္ထုအားလုံးပျောက်ကွယ်သွားလျှင် ဟင်းလင်းပြင်ကြီးနှင့် အချိန်သာကျန်ခဲ့တော့မည်ဟု ထင်ခဲ့ကြသည်။ သို့သော် ရီလေတစ်ဗတီ သီအိုရီအရ အကယ်၍သာ အရာဝတ္ထုအားလုံး ပျောက်ကွယ်သွားလျှင် ဟင်းလင်းပြင်ကြီးနှင့် အချိန်လည်းကျန်ခဲ့လိမ့်မည်မဟုတ်ဘဲ အတူပျောက်ကွယ်သွားမည်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ ထို့အပြင် အချိန်လည်းမရှိသေးဘဲ စကြဝဠာကြီးပေါ် ပေါက်လာမှသာ အချိန်လည်း စတင်ဖြစ်ပေါ်လာကြောင်း လေ့လာနိုင်ရန်ပုံများ၊ ကာတွန်းများဖြင့် သရုပ်ဖော်ထားသော စာအုပ်တစ်အုပ် ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁)ရန်ကင်းကျောင်းရှေ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့




ပါမောက္ခအောင်ထွန်းသက် ဟောပြောသည့် ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့ စာအုပ်ထွက်ရှိလာသည်။

ပြောင်းလဲလာသောခေတ်သစ်၊ စနစ်သစ်နှင့်အတူ ယနေ့ခေတ်လူငယ်များသည် ဒီမိုကရေစီအနာဂတ်တိုင်းပြည်၏ မီးရှူးတန်ဆောင်များ ဖြစ်သည်ဟု ဆိုရပေမည်။ ခေတ်သစ်၊ စနစ်သစ်တွင် လူငယ်များအနေဖြင့် အရည်အချင်းများပြည့်ဝနေစေဖို့ အရည်အသွေးများစွာ လိုအပ်နေမည် ဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ်လူငယ်တိုင်း မိမိနိုင်ငံတိုးတက်ဖို့အတွက် လေ့လာရမည်၊ ကြိုးစားရမည်၊ ဝီရိယရှိရမည်၊ ဖွဲ့သတ္တိရှိရမည်အပြင် ရေရှည်အောင်မြင်မှုအတွက် အစဉ်ကြိုးပမ်းစွမ်းဆောင်နေရမည် ဖြစ်သည်။ ကိုယ့်ဘဝတွင် အရေးကြီးဆုံးအရာများကို စဉ်းစားရင်း မိမိ၏ရည်မှန်းချက်ကို အောင်မြင်အောင်လုပ်နိုင်မည့်အရာကို စဉ်းစားပါဟု အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။

## စာပေမျိုးဆက်များ စာပေ စုစည်းမှု




မျိုးဆက်သစ်လူငယ်များ ရေးသားထားသည့် သုတ၊ ရသစာပေများကိုဖတ်ရှုလိုသူများအတွက် ဒေါ်အေးအေးမူစီစဉ်သည့် စာပေမျိုးဆက်များ စာပေစုစည်းမှု စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ညီညွတ်ရေးနှင့် ခင်ခင်မင်မင်၊ အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မျှော်လင့်ခြင်းတောင်ပံများ၊ ကောင်းသောခရီးဖြစ်ပါစေ၊ လိပ်ပြာဝါဝါထောင်သောင်းချီ၊ ပန်းတိုင်သို့တက္ကစီဖြင့်သွားခြင်း၊ တာဝန်ကျေစေချင်မျိုးဆက်တို့တာဝန်၊ ကျွန်တော်ဆုံခဲ့ဖူးသော ဆရာတင့်တယ်၊ အရွယ်အိုနေသော်လည်း ပျိုနေသေးသော ကင်းထောက်စိတ်ဓာတ်ကမ်းလက်များ စသည့်အကြောင်းအရာ ၄၀ ကျော်ကို စုစည်းထားသဖြင့် ယနေ့ခေတ်လူငယ်များအတုယူကာ စာပေကိုဖတ်ရှုပြီး စာပေဝါသနာရှင်များပေါ် ထွန်းလာမည်ဖြစ်သည်။

စာအုပ်ကိုအရိုင်းစံပယ်စာပေ၊ အမှတ် - ၂၀၄/က ဆေးစက်၊ မဟာဗန္ဓုလလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## ရုပ်ပုံလွှာနှဲ့ ကမ္ဘာ့ဝတ္ထုတိုများ




မြန်မာစာပေတိုးတက်မှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ဘာသာပြန်စာပေ၏ ကျေးဇူးမကင်းကြောင်း စာရေးသူ မောင်ညီညွတ် ဘာသာပြန်ဆိုထားသည့် ရုပ်ပုံလွှာနှဲ့ ကမ္ဘာ့ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

၁၉၀၄ခုနှစ်တွင်ထွက်ပေါ်ခဲ့သည့် ဂျိမ်းလှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထုသည် ပထမဦးဆုံးမြန်မာကာလပေါ်ဝတ္ထုဖြစ်ပြီး အလက်ဇန်းဒါးဒူးမား၏ မွန်တီခရစ္စတိုမြို့စားကြီး၏ဝတ္ထုကိုဘာသာပြန် အရိပ်အငွေ့မကင်းဘဲမြန်မာမှုပြုထားသည်။ မြန်မာစာပေလောကတွင် ထင်ရှားခဲ့သည့် ဆရာကြီးသခင်ဘသောင်း၏ ပန်းသာမစာဥနှင့် ဆရာကြီး ရွှေဥဒေါင်း၏ရတနာပုံဝတ္ထုများသည် ဂျိမ်းလှကျော်၏ လုပ်နည်းလုပ်ဟန်အတိုင်း ဘာသာပြန်အရိပ်အငွေ့မကင်းဘဲ မြန်မာမှုပြုထားသည်။ ဘာသာပြန်စာပေကိုဖတ်ရှုလိုသူများလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို တိုးမြစ်စာအုပ်တိုက်၊ အမှတ် - ၉၉၅၊ သုခိတာ - ၂ဖြတ်လမ်း၊ ၂ - ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၀၉ - ၇၃၀၄၅၂၆၄နှင့် ၀၉ - ၄၅၀၁၀၀၇၄၂တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## ဒိုးဒိုးဒေါက် စက္ကူအရုပ်ခေါက် LEVEL-1




တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်တွင် စက္ကူအရုပ် ခေါက်နည်းပညာလည်း အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လာကြောင်း ဆရာဦးဦးရကောက် စီစဉ်သော ဒိုးဒိုးဒေါက် စက္ကူအရုပ်ခေါက် LEVEL-1 စာအုပ် ထွက်ရှိလာသည်။

စက္ကူအရုပ်ခေါက်နည်းပညာသည် လူကြီး၊ လူငယ်မရွေးကစားနိုင်သော ပညာရပ်တစ်ခုဖြစ်ပြီး အရုပ်ကလေးများကို ခေါက်ကစားခြင်းအားဖြင့် စိတ်တည်ငြိမ်မှုကိုရရှိစေခြင်း၊ စူးစမ်းအားကိုကောင်းမွန်စေခြင်း၊ အလုပ်တစ်ခုပြုလုပ်ရာတွင် ပြီးဆုံးသည်အထိဖွဲ့ရှိစွာလုပ်ဆောင်လိုစိတ်ရှိခြင်း၊ အလုပ်တစ်ခုပြုလုပ်ရာတွင် အခက်အခဲများကိုကျော်လွှားကာ အောင်မြင်သည်အထိ စိတ်ဓာတ်ပြင်းထန်စွာ လုပ်ဆောင်လိုစိတ်ရှိလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ယခင်စာအုပ်သည် ယခင်ထုတ်ဝေခဲ့ဖူးသော စက္ကူအရုပ်ခေါက် LEVEL-0 နှင့် မတူညီသော အရုပ်ပေါင်း ၅၀ နီးပါးကို ထည့်သွင်းဖော်ပြထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၈၃၉၂၈၃၅နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

# ဝမ်းမြောက်ဂုဏ်ယူခြင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူမင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၁၆ ရက်နေ့ နံနက်တွင် ထိုင်းဘုရင်မင်းမြတ်က " The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant " ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

Kyal Thein Group of Companises
Chin Thar Company Limited
Clear Mind Pte. Ltd.

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (ဂ) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက်ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**

**GA MONE PWINT CO.,LTD.**

အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 01- 524 963, 01- 526 928**
**01- 516 533~6**

# ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်၊ ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)နှင့် ဒေါက်တာမျိုးသန့်တင် ဦးစီးသော သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီးသတင်းစာဆရာများအဖွဲ့နှင့် BNI (Burma News International) တို့မှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ဆေးရုံတက်ကျောင်းသား ကျောင်းသူများအတွက် ဆေးရုံဖြေစာစစ်ဌာနလေးခု စီစဉ်ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၁၈ ခုနှစ် မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များသည် အဆိုပါ ဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


၂၀၁၈ ရာသီ MFF Charity Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ တွေ့ဆုံစဉ်။

## MNL ပွဲစဉ်(၇)တွင် အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၁၈ ရာသီ MPT MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများထိပ်တိုက်တွေ့ဆုံလျက်ရှိကာ ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်(၇)အဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် Southern အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် စုစုပေါင်းငါးပွဲသာ ကျင်းပမည်ဖြစ်ပြီး တန်းတက်နှစ်သင်းဖြစ်သည့် မြဝတီနှင့် စစ်ကိုင်းယူနိုက်တက်ပွဲကို မတ် ၁၁ ရက်သို့ ရွှေ့ဆိုင်းထားသောကြောင့် တစ်ပွဲလျော့နည်းမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်၊ မကွေးနှင့် ဧရာဝတီအသင်းတို့ တွေ့ဆုံမှုများမှာ ပရိသတ်စိတ်ဝင်စားမှု မြင့်မားနိုင်သည့်ပွဲများဖြစ်လာနိုင်ပြီး ပွဲကောင်းများဖြစ်လာနိုင်သည်။ ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ရှမ်းယူနိုက်တက်ကို အနိုင်ရခဲ့ပါက အမှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍



iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့်

မြန်မာပြည်၏ အကောင်းဆုံးကွန်ဒိုတစ်ခုဖြစ်တဲ့

SKYSUITES ကွန်ဒိုအရောင်းပြပွဲ

Official Launching Price USD 198 Per Sqft မှစ၍ ပွဲ (၂) ရက်အတွင်းသာ ရောင်းပေးပါမည်။

(75%) ဆောက်လုပ်ပြီးစီးနေပါပြီ။

ရာသက်ပန် ပိုင်ဆိုင်နိုင်မည့် မြေအမျိုးအစား ရွှေတိဂုံဘုရား နှင့် အင်းယားကန်ကို ထင်ရှားစွာ မြင်ရသည့် View

ဝယ်သူများအဆင်ပြေစေရန် Downpayment ပေးရန်မလိုသည့် ငွေချေစနစ်များ၊

ဘဏ်နှင့် (၁၀) နှစ်အရစ်ကျ ပေးချေစနစ်များ စီစဉ်ပေးထားပါသည်။









ကျင်းပမည့်နေရာ – အမှတ် (၂၃)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (ကွန်ဒိုတည်နေရာ)

နေ့ရက် – ၂၄ ၊ ၂၅ ဖေဖော်ဝါရီလ ၂၀၁၈ (စနေ၊ တနင်္ဂနွေ)    အချိန် – နံနက် (၉) နာရီ မှ ညနေ (၅) နာရီအထိ

ပြပွဲတက်ရောက်ရန် စာရင်းပေးဖို့ လိုပါသည် => www.imyanmarhouse.com/skysuites-promotion

